ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ပထမဝါဆိုလကွယ်၊ သောကြာနေ့၊ (16-7-2004)(၄၂၉၆)

ဓမ္မစရိယာ စ
တေံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
# အိန္ဒိယသမ္မတနိုင်ငံသမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန်    ဇူလိုင်    ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် မကြာသေးမီက ရေကြီးမှုကြောင့် လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
# ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန်    ဇူလိုင်    ၁၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတွင် မကြာသေးမီက ရေကြီးမှုကြောင့် လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ပါမောက္ခဒေါက်တာအီယာဂျုဒင် အာမက်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။** (သတင်းစဉ်)

## ဥပုသ်နေ့မှိုဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamed ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကုန်းမြင့်သာရှိဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား မလေးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်

ရန်ကုန်    ဇူလိုင်    ၁၅

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamed နှင့် အဖွဲ့ဝင်များသည် ယနေ့ ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ကြသည်။**

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် **စာမျက်နှာ ၂ ကော်လံ ၃ သို့** ❊

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၆-၇-၂၀၀၄
(သောကြာနေ့)

# မိုးစပါးလျာထားချက် အပြည့်အဝစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်သူများ စားဝတ်နေရေး ပြည့်စုံဖူလုံစေရန် အစီအမံများချမှတ် ဖော်ဆောင်လျက်ရှိသည်။ ယင်းသို့အကောင်အထည်ဖော်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာရေး အဘက်ဘက်က အားပေးကူညီဖြည့်ဆည်းပေးရင်း ပြည်တွင်းစားသုံးမှု ဖူလုံပြည့်စုံစေရန်နှင့် ပိုလျှံသည်များကို တင်ပို့ရောင်းချနိုင်ရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်လုပ်ကိုင်လာနိုင်ရန် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ ယခုအခါ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင် အများအပြားသည် လယ်ယာမြေများကို ဧကသောင်းချီ၍ဖော်ထုတ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ် လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင်လ ၆ ရက်နေ့က ဧရာဝတီတိုင်းအတွင်း ဓနုဖြူမြို့နှင့် ဟင်္သာတမြို့တို့သို့ သွားရောက်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ခရီးစဉ်အတွင်း ဟင်္သာတမြို့ မြနန္ဒာခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာတွင် မိုးစပါးလျာထားချက် အပြည့်အဝစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ တိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားခဲ့သည်။

ဧရာဝတီတိုင်းအတွင်း စိုက်ပျိုးမြေဧရိယာများပြားသကဲ့သို့ စိုက်ပျိုးထွက်ရှိသည့် သီးနှံများလည်း များပြားသည်ကို တွေ့ရသည်။ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုတွင် ဧရာဝတီတိုင်း၏ ပါဝင်မှုအချိုးအစား များပြားသည်ဖြစ်ရာ စပါး၊ ဂုန်လျှော်နှင့် မိုးသီးနှံများ စိုက်ပျိုးမှု လျာထားချက်ထက် ပြည့်မီကျော်လွန်ရေး ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

ဓနုဖြူမြို့သည် ရေ၊ မြေ၊ သဘာဝအခြေအနေ ကောင်းမွန်သဖြင့် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း သီးထပ်၊ သီးညှပ် စိုက်ပျိုးနိုင်မှုကြောင့် သီးထပ်စွမ်းအား ၂၁၂ ဒသမ ၄၈အထိ ဆောင်ရွက်နိုင်ခဲ့ပြီး တိုင်းအတွင်း သီးထပ်စွမ်းအား ဒုတိယအကောင်းဆုံးမြို့နယ်ဖြစ်သည်။

ဓနုဖြူမြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ် စိုက်ပျိုးရာသီ၌ မိုးစပါးဧက ကိုးသောင်းသုံးထောင်ကျော် စိုက်ပျိုးရန်လျာထားသည့်အနက် ဧကငါးသောင်းရှစ်ထောင်ကျော် စိုက်ပျိုးနိုင်၍ ၆၂ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။

ဟင်္သာတမြို့နယ် အင်းဓဝယ်အုပ်စု ဧက ၄၀၀ စံပြကွက်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက စပါးအထူးပြုစိုက်ပျိုးခြင်းစနစ် သရုပ်ပြစိုက်ပျိုးထားသည်။ အဆိုပါ စပါးစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသရုပ်ပြပွဲတွင် ကြိုးတန်းဆွဲတိုက်ရိုက်မျိုးစေ့ချ စိုက်ကွက်၊ မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ကွက်၊ စပါးအထူးပြု စိုက်ပျိုးခင်းစနစ်(ဖျာပျိုးခင်း)၊ ခေါင်နံ့မျိုးသန့်စပါး ပျိုးခင်း၊ ပေါင်ဖော်ကြဲခင်း၊ စပါးမျိုးယှဉ်ပြိုင် စမ်းသပ်ကွက်များ၊ မျိုးသန့်စိုက်ခင်းများနှင့် နည်းပညာပေးပြကွက်များ စိုက်ပျိုးပြသထားသည်။

ဧရာဝတီတိုင်းအနေဖြင့် ယခင်နှစ်က မိုးစပါးဧက ၃၄ သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် မိုးစပါးဧက ၃၅ သိန်း စိုက်ပျိုးရန် ကြိုးပမ်းလျက်ရှိသည်။ တိုင်းအတွင်း သားငါးကဏ္ဍတိုးတက်ရေးအတွက် ငါးကန်များတူး၍ ငါးမွေးမြူရေး တိုးချဲ့ဆောင်ရွက်နိုင်သကဲ့သို့ သဘာဝအခြေအနေပေးသည့် ပင်လယ်ကမ်းစပ်များတွင် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ်လုပ်ကိုင်ရန် အခြေခံကောင်းများ ပြည့်စုံလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူလယ်သမားများအနေဖြင့် ရေ၊ မြေ သယံဇာတကြွယ်ဝသည့် ဧရာဝတီတိုင်းအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးတို့အတွက် မိုးစပါးများကို လျာထားချက်နှင့်အညီ အပြည့်အဝ စိုက်ပျိုးကြရန်နှင့် သားငါးကဏ္ဍထုတ်လုပ်မှုမြင့်မားရေး မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

❀ ရှေ့ဖုံးမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamedနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E Dato' Cheah Sam Kip နှင့် Defence Advisor Colonel Hj. Abbas Bin Hj. Mat တို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)



**တွေ့ဆုံနှုတ်ဆက်**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamedဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamedနှင့်ဇနီးဦးဆောင်သော အဖွဲ့ဝင်ကိုးဦးပါဝင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။**

မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်ဇနီး ဒေါ်မာလာတင့်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်မှူးချုပ်ကျော်ဟန်နှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Defence Advisor Colonel Hj. Abbas Bin Hj.Mat နှင့် ဇနီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)



**ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamedနှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## တောတိုက်ဓမ္မရိပ်သာ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဓမ္မသာရအမှူးပြု၍ သံဃာတော်အပါး ၂၆၀ ကျော်တို့အား ဇူလိုင် ၃၁ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် တောတိုက် ဓမ္မရိပ်သာကျောင်းတိုက်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများဖုန်း–၆၃၅၄၂၄ နှင့် ၆၃၅၀၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

**ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ**

# ခရီးသွားဝန်ဆောင်မှုဆိုင်ရာ ဒီပလိုမာသင်တန်းများ ဖွင့်တော့မည်

**အာသာဝတီ ( အရှေ့တိုင်းပညာ )**

ပညာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ ညှိနှိုင်းစီမံချက်အရ ရန်ကုန်တက္ကသိုလ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)တို့ကို တာဝန်ပေးကာ ရန်ကုန်တက္ကသိုလ်တွင် ၁၈–၃–၂၀၀၄ ရက်နေ့၌ Introducing Tourism ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀–၃–၂၀၀၄ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။ စာရေးသူလည်း တက်ရောက်ခွင့် ရရှိခဲ့ပါသည်။ မူလက အလုပ်ရုံဆွေးနွေးပွဲသဘောမျိုးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လုပ်ငန်းများနှင့် တာဝန်ထမ်းဆောင်ပုံအဆင့်ဆင့်ကို ပညာရေးဝန်ထမ်းများပါ နားလည်သဘောပေါက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဗဟုသုတဖြန့်ဝေပေးစေခြင်းမျိုးဟု မိမိ နားလည်ခဲ့မိပါသည်။ စင်စစ်တွင်မူ နိုင်ငံတကာ ပညာရေးစနစ်များတွင် သီးခြားဘာသာရပ်ဌာနတစ်ခု အဖြစ်ဖြင့် Tourism ဘာသာရပ်သင်ကြားပို့ချ၍ ဒီပလိုမာ B.A,M.Aစသော ဘွဲ့များအထိ ပေးအပ်လျက်ရှိသည်။ အဆိုပါ ခရီးသွားဝန်ဆောင်မှုဆိုင်ရာ ပညာရပ်များကို မြန်မာနိုင်ငံပညာရေးကဏ္ဍတွင်လည်း အကောင်အထည်ဖော် သင်ကြားပို့ချနိုင်ရန် ပထမခြေလှမ်းအဖြစ် စာမျက်နှာသစ်တစ်ခု ဖွင့်လှစ်လိုက်ခြင်း ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

ယခုအခါ ရန်ကုန်တက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမ ၃၆ ဦးတို့ကို ဒီပလိုမာ သင်တန်းများ ဖွင့်လှစ်နိုင်ရန် ၁၈–၃–၂၀၀၄ရက်နေ့မှစ၍ လစဉ်ရက်သတ္တတစ်ပတ်နှုန်းဖြင့်Module ၁၆ ခုခွဲကာ ကြိုတင်ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ထိုရက်သတ္တတစ်ပတ်စီနှင့် သင်တန်းအချိန်ဇယားတိုင်းတွင် ပြင်ပဟိုတယ်ကြီးများနှင့် Tourism ဆိုင်ရာ နေရာဒေသများကို သွားရောက် လေ့လာရသော နည်းပညာလေ့လာရေး Technical Visit အစီအစဉ်လည်းပါဝင် ပါသည်။

၁၃–၅–၂၀၀၄ (ကြာသပတေးနေ့)တွင် မိမိတို့ ရန်ကုန်တက္ကသိုလ်မှ ဆရာမကြီး ဒေါ်ခင်ဆွေမြင့် (ပါမောက္ခ၊ မြန်မာစာဌာန)ဦးဆောင်သော Tourism သင်တန်းသား၊ သင်တန်းသူများသည် မွန်းလွဲ ၁ နာရီတွင် ဆီဒိုးနားဟိုတယ်သို့ ဦးတည်ထွက်ခွာခဲ့ကြပါသည်။ ဟိုတယ်မှ ဝန်ထမ်းများက ကြိုတင်ပြင်ဆင်စောင့်ကြိုနေကြပြီး အချိန်အနည်းငယ်အတွင်း ကျယ်ပြန့်စွာ လေ့လာနိုင်စေရန် အုပ်စု (၃)စုခွဲ၍ လိုက်လံရှင်းလင်းပြသကြပါသည်။ ဧည့်ခံခန်းမများ၊ ဈေးနှုန်းအဆင့်ဆင့်ရှိသော အခန်းအစုံစုံ၊ အထပ်အစုံနှင့် အားကစားလေ့ကျင့်ခန်း၊ Beauty Parlour များ၊ မီးဖိုကြီးများ၊ လျှပ်စစ်နှင့် ဓာတ်အားပေးစက်ကြီးများ အပါအဝင် နိုင်ငံတကာခေါင်းဆောင်များ တည်းခိုကြသော အခန်းများအထိ စုံလင်စွာ လေ့လာမှတ်သားခွင့် ရရှိခဲ့ပါသည်။

ဟိုတယ်နှင့် ပတ်သက်သမျှ သတင်းအချက်အလက် အစုံအလင်ပါဝင်သော လက်ကမ်းစာစောင်များကိုလည်း ဝေငှပေးပါသည်။

ရန်ကုန်တက္ကသိုလ်က ကြီးမှူးဖွင့်လှစ်သော ဤ Tourism သင်တန်းစတင်ခဲ့သည့် ၁၈–၃–၂၀၀၄ရက်နေ့မှ ယနေ့အထိ Technical Visit အဖြစ် သွားရောက်လေ့လာခဲ့ရသော ခရီးစဉ်များမှာ–

၂၁–၃–၂၀၀၄ တွင် သီလဝါဆိပ်ကမ်း (M-V Astor Cruise)နှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ။

၁၃–၅–၂၀၀၄ တွင် ဆီဒိုးနားဟိုတယ်နှင့် Tour Mandalay Co.,Ltd။

၁၁–၆–၂၀၀၄တွင် ပန်စီးဟိုတယ်နှင့် ဧည့်လမ်းညွှန်သင်တန်းကျောင်း။

၉–၇–၂၀၀၄ တွင် ကန်တော်ကြီးဟိုတယ်နှင့် Hotel Nikko Royal Lake တို့ ဖြစ်ကြပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ စီစဉ်ပေးမှုသည် အသေးစိတ်နိုင်လှသည်ကိုလည်း တွေ့ရှိခံစားရပါသည်။

ဒီပလိုမာသင်တန်းပြီးဆုံးသည်အထိ လစဉ် ဆွေးနွေးပို့ချချက်များအပြင် Technical Visit အစီအစဉ်ဖြင့် ဟိုတယ်နှင့် Tourism Siteများသို့ သွားရောက်လေ့လာကြရဦးမည် ဖြစ်ပါသည်။ Module ၁၆ ခု ပြီးဆုံး၍ စာမေးပွဲနှစ်ကြိမ် ဖြေဆိုအောင်မြင်လျှင် ဒီပလိုမာဘွဲ့အပ်နှင်းခံကြရပါမည်။ ဒီပလိုမာဘွဲ့ရ ဆရာ၊ ဆရာမများနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများဦးဆောင်ပြီး ရန်ကုန်တက္ကသိုလ်တွင် Tourism ဒီပလိုမာသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ပါသည်။ ဒီပလိုမာသင်တန်းများမှ အရည်အချင်းပြည့်မီသူများ ရွေးထုတ်၍ ဆက်လက်ပြီး B.A, M.A, စသောဘွဲ့များအဆင့်ဆင့်သို့တိုင် ဖွင့်လှစ်သင်ကြားပို့ချရန် ရည်ရွယ်ထားပါသည်။ Tourism လုပ်ငန်းများကို စိတ်ပါဝင်စားကြသော လူငယ်များသည် ရန်ကုန်တက္ကသိုလ်က ဖွင့်လှစ်သင်ကြားမည့် Tourism သင်တန်းများတက်ရောက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း အသီးသီးတွင် အရည်အချင်းပြည့်ဝသူများအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်နိုင်ကြမည် ဖြစ်ပါသည်။

နိုင်ငံတော်အတွက် ပြည်ပဝင်ငွေများစွာ ရရှိနိုင်စေရေးအတွက် အထောက်အကူပြုနိုင်သော Tourism လုပ်ငန်းကျယ်ပြန့်စွာ တိုးတက်ထွန်းကားရေးအတွက် အရေးပါလှသည့် Tourism ဒီပလိုမာသင်တန်းများ၊ B.A, M.Aဘွဲ့များ ရယူပိုင်ဆိုင်နိုင်ကြရန် ရန်ကုန်တက္ကသိုလ်တွင် မကြာမီဖွင့်လှစ်သင်ကြားပို့ချတော့မည် Tourism သင်တန်းများအား တက်ရောက်သင်ကြားနိုင်ကြစေရေး သတင်းကောင်းပေးလိုက်ရပါသည်။ ။

# ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ခြင်း

**ပါမောက္ခဒေါ်ခင်မေစန်း**
**( နှလုံးသွေးကြောရောဂါထိန်းသိမ်းရေး )**

ကျန်းမာရေးကို ထိခိုက်စေသော ရောဂါများမှာ ယေဘုယျအားဖြင့် နှစ်မျိုးနှစ်စားရှိပါသည်။ ကူးစက်ရောဂါနှင့် မကူးစက်နိုင်သော ရောဂါများဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကူးစက်ရောဂါများ အဓိက ဖိစီးခဲ့ရာမှ ယခုအခါတွင် ကာကွယ်ဆေးများဖြင့် ဤဖိစီးမှုကို လျော့နည်းစေနိုင်ခဲ့သည်။ သို့ရာတွင် တစ်ဖက်က မကူးစက်နိုင်သော ရောဂါများ၏ဖြစ်နှုန်းများ ကြောက်ခမန်းလိလိ တိုးလာသည်ကိုတွေ့နေရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကူးစက်ရောဂါနှင့် မကူးစက်ရောဂါများရာနှုန်း ၅၀ စီ ဖြစ်နေပါ၍ ဤနိုင်ငံများသည် နှစ်ဆသော ဝန်ထုပ်ဝန်ပိုးများကို ခံနေကြရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း အခြားနိုင်ငံများနည်းတူ သွေးတိုးနှင့် နှလုံးသွေးကြောရောဂါများ ပို၍ဖြစ်ပွားနေပါသည်။ ယင်းရောဂါများကိုဖြစ်စေသော ကျန်းမာရေးထိခိုက်စေသည့် အခြေအနေများမှာ ဆေးလိပ်၊ အရက်သောက်ခြင်း၊ ဆီးချိုသွေးချိုဖြစ်ခြင်း၊ အဝလွန်ခြင်း၊ အစားအသောက် မှားယွင်းနေခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းတို့ ဖြစ်ပါသည်။

ထို့ကြောင့် သွေးတိုးနှင့် နှလုံးသွေးကြောရောဂါများ ကင်းဝေး၍ ကျန်းမာသက်ရှည်လိုလျှင် အောက်ပါအနေအထိုင် အစားအသောက်များကို ကျင့်သုံးလိုက်နာရန် အကြံပြုလိုပါသည်–

**(၁) ဆေးလိပ်သောက်ခြင်းကိုရှောင်ပါ။**

ဆေးလိပ်သည် မူးယစ်ဆေးကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ စွဲလမ်းမှု(Additive) ကိုဖြစ်စေနိုင်သည်။ ဆေးလိပ်သောက်ခြင်းကြောင့် ရောဂါဆိုး ၂၅ မျိုးခန့်မျှ ဖြစ်စေနိုင်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ဆေးလိပ်သောက်ခြင်းနှင့် ပတ်သက်သည့် ရောဂါများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေ ခုနစ်သန်းခန့် အသက်ဆုံးရှုံးလိမ့်မည်ဟု ခန့်မှန်းထားပါသည်။ မည်သည့်ရောဂါမှ ဤသို့သော သေနှုန်းမဖြစ်စေနိုင်ပါ။

ဆေးလိပ်ကြောင့် နှလုံးသွေးကြောနှင့် အခြားသွေးကြောများတွင် သွေးကြောကျဉ်း၊ သွေးကြောပိတ် ရောဂါများ ဖြစ်စေသည်။ သွေးတိုးစေသည်၊ နှလုံးခုန်နှုန်းကို မြန်စေသည်။

ဆေးလိပ်သောက်ခြင်းကြောင့် ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်နိုင်သည်။ ဦးနှောက်သွေးယိုမှုဖြစ်နိုင်သည်။

ဆေးလိပ်သည် အဆုတ်ကင်ဆာ၊ အဆုတ်ပွ၊ လေပြွန်ရောင်ခြင်း၊ ပန်းနာရင်ကြပ်ရောဂါတို့ကိုဖြစ်စေသည်။ အဆုတ်ရောင်ရောဂါနှင့် တီဘီရောဂါတို့ဖြစ်ရန် အားပေးသည်။

ဆေးလိပ်သောက်ခြင်းကြောင့် ခံတွင်းနှင့် အစာအိမ်လမ်းကြောင်းတို့တွင် ကင်ဆာရောဂါဖြစ်နိုင်သည်။ သားပျက်ခြင်း၊ သားအိမ်ကင်ဆာ၊ ဆီးအိမ်ရောဂါတို့ကို ဖြစ်စေသည်။

ဆေးရွက်ကြီးကိုဝါးလျှင်၊ ငုံလျှင်လည်း ဆေးလိပ်သောက်သုံးသကဲ့သို့ ရောဂါများဖြစ်စေသည်။

ဆေးလိပ်ငွေ့ကို တစ်ဆင့်ခံရှူရသည့် ဆေးလိပ်သောက်သုံးသူ၏ မိသားစုနှင့်ပတ်ဝန်းကျင်ရှိလူများသည်လည်း အထက်ဖော်ပြပါ ရောဂါဆိုးများဖြစ်လာနိုင်သည်။

ထို့ကြောင့် လူငယ်များဆေးလိပ်သောက်ခြင်းကို မစပါနှင့်၊ ဆေးရွက်ကြီးကို မဝါးပါနှင့်၊ ဆေးလိပ်သောက်နေပါက လုံးဝဖြတ်ပါ၊ မိမိနှင့်မိမိ၏မိသားစု၊ အပေါင်းအသင်းများကို အန္တရာယ်မဖြစ်ပါစေနှင့်။ ဆေးလိပ်ဖြတ်ပြီး ၁၀ နှစ်ကြာလျှင် ဆေးလိပ်မသောက်သုံးသူကဲ့သို့ ကောင်းသော ကျန်းမာရေးအခြေအနေကို ပြန်လည်ရရှိနိုင်ပါသည်။

**(၂) အရက်မသောက်ပါနှင့်။**

အရက်သည် ကိုယ်ခန္ဓာနှင့် ဦးနှောက်ကို ပျက်ပြားစေသည်။ ထိခိုက်ဒဏ်ရာ ရစေသည်။ စီးပွားရေး၊ လူမှုရေး ပြဿနာများကို ဖြစ်စေသည်။

ကိုယ်ခန္ဓာတွင်အသည်းရောင်၊အသည်းခြောက်၊အသည်းကင်ဆာများ ဖြစ်စေသည်။ ပါးစပ်၊ လည်ချောင်း၊ အစာပြွန်ကင်ဆာများ ဖြစ်စေသည်။ နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးကြီး၍ ညှစ်အားနည်းခြင်း၊ လေဖြတ်ခြင်း၊ အစာအိမ်အနာနှင့် ကင်ဆာများဖြစ်စေသည်။ ဆီးချိုရောဂါကို အားပေးသည်။

ဦးနှောက်နှင့် အာရုံကြောရောဂါများဖြစ်စေပြီး စိတ်ရောဂါလည်း ဖြစ်စေသည်။ ထို့ကြောင့် အရက်ကို ရှောင်ပါ။ သောက်သုံးနေသူဖြစ်ပါလျှင် အရက်ကိုဖြတ်ပါ။

**(၃) အောက်ပါအစားအစာများကိုလျှော့စားသင့်သည်–**

အာဟာရကို လိုအပ်သည့် ပမာဏထက် ပိုစားခြင်း၊ အငန်၊ အဆီနှင့် အချိုများများစားခြင်းတို့သည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

အဝလွန်ခြင်းသည် လိုအပ်သည်ထက် ပိုသောအစာပမာဏကို စားခြင်းကြောင့်ဖြစ်သည်။ အဝလွန်လျှင် နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ သွေးတိုး၊ ဆီးချို၊ အဆစ်နာနှင့် သွေးကြောထုံးရောဂါများ ဖြစ်တတ်သည်။

အငန်စားသုံးခြင်းသည် သွေးတိုးရောဂါဖြစ်စေသည်။ နှလုံးရောဂါရှိပါက ကိုယ်ခန္ဓာတွင်း အရည်နှင့် ဓာတ်ဆားများ များစေသဖြင့် ဖောခြင်း၊ မောခြင်းတို့ကို ဖြစ်စေသည်။ ထို့ကြောင့် အငန်ဓာတ်ပါသည့် ဆား၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စသည်တို့ကို လျှော့စားပါ။

အဆီကိုရှောင်ပါ။ အသားမှရသောအဆီနှင့် စားသုံးဆီ (ဟင်းချက်ဆီ)တို့ကို လျှော့ပါ။ အဆီ များများစားလျှင် သွေးအဆီဓာတ် (Cholesterol)တက်လာပြီး နှလုံးနှင့် သွေးကြောရောဂါ၊ ရင်သားကင်ဆာ စသည့်ရောဂါများ ဖြစ်ပွားနိုင်သည်။ အဝလွန်ရောဂါလည်း ဖြစ်လာနိုင်သည်။

အချိုဓာတ်ကိုရှောင်ပါ။ အချိုဓာတ်သည် ဆီးချိုရောဂါနှင့် အဝလွန်ရောဂါ ဖြစ်စေနိုင်သည်။

**(၄) အောက်ပါ အစားအစာများကို ပိုစားသင့်သည်–**

ငါးကို တစ်ပတ်လျှင် အနည်းဆုံးသုံးကြိမ်ထက် မနည်းစားပါ။

ငါးအဆီသည် နှလုံးရောဂါ ကာကွယ်သည်ဟု ယူဆသည့်အတွက် ဆေးဝါးအဖြစ်နှင့် သုံးစွဲနေကြပြီဖြစ်သည်။

ဟင်းသီးဟင်းရွက်နှင့် ပဲကိုပိုစားပါ။ သွေးအဆီဓာတ်ကိုကျစေ၍ နှလုံးသွေးကြောရောဂါ ကာကွယ်နိုင်ပြီး အူမကြီးကင်ဆာကိုလည်း အဖြစ်နည်းစေသည်။ ဗီတာမင်၊ ပရိုတင်းနှင့် သတ္တုဓာတ် (Minerals) များကိုလည်း ဖြည့်တင်းပေးနိုင်သည်။

အသီးများပိုစားပါ။ အသီးများ၌ ဗီတာမင်အေ၊ စီ၊ အီးနှင့် ကာရိုတင်း(Carotene)ဓာတ်များပါ၍ နှလုံးသွေးကြောရောဂါ၊ အူမကြီးနှင့် အစာအိမ်ကင်ဆာရောဂါများကို ကာကွယ်နိုင်ပါသည်။

ရေပိုသောက်ပါ။ တစ်နေ့လျှင် ၁ ဒသမ ၅ မှ ၂ လီတာအထိသောက်ပြီး အစားပမာဏကို လျှော့ပါ။

**(၅) ကိုယ်လက်လှုပ်ရှားခြင်း(Physical Activity)ကိုပိုလုပ်ပါ။**

ကိုယ်လက်လှုပ်ရှားမှုနည်းလျှင် ဝလာမည်။ သွေးအဆီဓာတ်နှင့် အချိုဓာတ်များ တက်လာမည်။ ထို့ကြောင့် သွေးတိုးနှင့် နှလုံးသွေးကြောရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အဆစ်ရောင်ရောဂါ၊ သည်းခြေ၊ အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာများကို ဖြစ်စေသည်။ ညအိပ်နေစဉ် လေပြွန်ပိတ်ရောဂါ (Sleep apnoea)၊ အဆုတ်သွေးဖိအားများသော ရောဂါ (Pulomary hypertension)၊ စိတ်ပိုင်းဆိုင်ရာရောဂါနှင့် ထိခိုက်ဒဏ်ရာများလည်းပိုဖြစ်သည်။ ထို့ကြောင့် ကိုယ်လက်လှုပ်ရှားမှု များများလုပ်ပါ။

ကိုယ်လက်လှုပ်ရှားမှုနှင့် လေ့ကျင့်ခန်းတို့သည် ကိုယ်အလေးချိန်နှင့် စိတ်ဖိစီးမှုကို လျော့စေသည်။ သွေးတွင်းရှိ အဆီဓာတ်၊ အချိုဓာတ်နှင့် သွေးပေါင်ချိန်ကျစေသည်။ ကြွက်သားနှင့် အဆစ်များကို ပျော့ပျောင်းစေသည်။

နှလုံးခုန်နှုန်းမြန်စေပြီး အသက်ရှူလမ်းကြောင်း ပွင့်စေသော လေ့ကျင့်ခန်း(aerobic exercise) များသည် နှလုံးအတွက် အကောင်းဆုံးဖြစ်သည်။ ၎င်းတို့မှာ သွက်သွက်လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ အေရိုးဗစ်ကခြင်း၊ စက်ဘီးစီးခြင်း၊ ဘောလုံးကန်ခြင်း၊ ကြိုးခုန်ခြင်း၊ ရေကူးခြင်း စသည်တို့ဖြစ်သည်။ အမျိုးသမီးများအတွက် အိမ်တွင်းမှုကိစ္စများ ဆောင်ရွက်ခြင်းသည် ကိုယ်လက်လှုပ်ရှားမှုတစ်မျိုး ဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားမှုကို တစ်ကြိမ်လျှင် မိနစ် ၃၀၊ တစ်ပတ်လျှင်ငါးကြိမ် ပြုလုပ်သင့်ပါသည်။

**(၆) စိတ်ဖိစီးမှုကိုလျှော့ပါ။**

စိတ်ဖိစီးမှုသည် အိပ်မပျော်ခြင်း၊ သွေးတိုးခြင်း၊ ရင်တုန်ခြင်း၊ အစာအိမ်ရောဂါ၊ အစားအသောက်ပျက်ခြင်း တို့ကို ဖြစ်စေသည်။

စိတ်ဖိစီးမှုလျော့စေရန် ကိုယ်လက်လှုပ်ရှားမှုလုပ်ပါ၊ တရားထိုင်ပါ၊ ပျော်အောင်နေပါ၊ တစ်ညလျှင် ၇ နာရီ၊ ၈ နာရီအိပ်ပါ၊ ပရိုတင်း၊ ဗီတာမင်အေ၊ ဘီ၊ စီတို့ကို ပိုစားပါ၊ ကော်ဖီ၊ လက်ဖက်ရည်၊ ကိုကာကိုလာတို့ကို ရှောင်ပါ၊ နေ့စဉ်လုပ်ငန်းတွင် အရေးကြီးသည်တို့ကို ဦးစားပေး လုပ်ပါ။

အထက်ဖော်ပြပါ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်၊ နေထိုင်မှုများဖြင့် မကူးစက်သော ရောဂါများဖြစ်ကြသည့် နှလုံးသွေးကြောရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါ အချို့ကို ကာကွယ်နိုင်ပါသည်။

(Healthy Life Style) ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်ခြင်းဖြင့် သက်ရှည် ကျန်းမာ၍ လူမှုအဆောက်အအုံကို အထောက်အကူပြုသော ဘဝကို ရယူကြပါစို့…။

**ပေါက်ကွဲမှု ဖြစ်ပွား**

ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေ အဝင်ဝတွင် ပေါက်ကွဲမှုဖြစ်ပွားရာ မီးခိုးလိပ်များ တက်လာသည်ကို ဇူလိုင် ၁၄ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်၌ ကန်ကြည်းတပ်မှ ၆၆၂ဦး၊ မရိန်း ၁၈၅ဦး၊ ရေတပ်မှ ၁၉ဦး၊ ကမ်းစောင့်တပ်မှ တစ်ဦး သေဆုံးခဲ့

ဝါရှင်တန် ဇူလိုင် ၁၄

**အမေရိကန်စစ်ဌာနချုပ်က အင်္ဂါနေ့တွင် ကြေညာသည့် အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များ အသေအပျောက်စာရင်းတွင် ယခုနှစ်မတ်လနောက်ပိုင်း ပထမဆုံး အကြိမ်အဖြစ် အမေရိကန်လေတပ်မှ တပ်ဖွဲ့ဝင်တစ်ဦးပါဝင်နေသည်ကို တွေ့ရသည်။ အဆိုပါအမေရိကန်လေတပ် တပ်ဖွဲ့ဝင်မှာ အမေရိကန်တို့ အီရတ်အား လွန်ခဲ့သည့်နှစ်က စတင်စစ်ဆင် တိုက်ခိုက်ချိန်ကတည်းက တိုက်ပွဲတွင် သေဆုံးခဲ့ရသည့် လေတပ်တပ်ဖွဲ့ဝင်များအနက် ပဉ္စမမြောက် တပ်ဖွဲ့ဝင်လည်းဖြစ်သည်။**

**- ကြေညာ -**

အမေရိကန်လေတပ်မှ တပ်ကြပ်ကြီးဒပ်စတင်ဒဗျူပီတာ(၂၅နှစ်)မှာ ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ၁၅၅မိုင်ခန့်အကွာ ဘေဂျီမြို့အနီးမှ အမေရိကန်တပ်စခန်းအနီးတွင် ဇူလိုင်၁၁ရက်က သေဆုံးခဲ့သည်။ ရန်သူ့လက်ချက်ဖြင့်တပ်ကြပ်ကြီးဒပ်စတင်ဒဗျူပီတာ သေဆုံးသွားကြောင်းသာလျှင် အမေရိကန်စစ်ဌာနချုပ်က အကျဉ်းမျှကြေညာသည်။



**- ထောက်ပို့လေယာဉ်မှဖြစ် -**

တပ်ကြပ်ကြီးပီတာမှာ အာကင်ဆောပြည်နယ် လစ်တဲရော့ လေတပ်စခန်းအခြေစိုက်သည့် အမှတ်(၃၁၄) ထောက်ပို့လေယာဉ်အုပ်မှ ဖြစ်သည်။ အမေရိကန်လေတပ်မှ တပ်ဖွဲ့ဝင်များသည် အီရတ်တွင် အခြားသောအမေရိကန် ကြည်းတပ်၊ ရေတပ်တို့နှင့်နှိုင်းစာလျှင် အသေအပျောက်အနည်းဆုံးဖြစ်သည်။ အီရတ်၌ ယခင်က သေဆုံးခဲ့သည့် အမေရိကန် လေတပ်တပ်ဖွဲ့ဝင်ပေါင်း ကိုးဦးရှိသည့်အနက် တိုက်ပွဲ၌ သေဆုံးသူလေးဦးနှင့် အခြားအကြောင်းကြောင့် သေဆုံးသူငါးဦးရှိသည်ဆို၏။

**- သေဆုံး -**

ဇူလိုင်၁၂ရက်အထိ အီရတ်၌ အမေရိကန်ကြည်းတပ်မှ တပ်ဖွဲ့ဝင် ၆၆၂ ဦး၊ မရိန်းတပ်ဖွဲ့ဝင် ၁၈၅ဦး၊ ရေတပ်မှ တပ်ဖွဲ့ဝင် ၁၉ဦး၊ အမေရိကန်ကမ်းစောင့် တပ်မှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးရသည်။ ထို့ပြင် အမေရိကန်စစ်ဌာနချုပ်မှ အရပ်ဘက်အမှုထမ်း နှစ်ဦး အီရတ်၌ သေဆုံးခဲ့ကြောင်းသိရသည်။ ***အင်တာနက်။***

# အမေရိကန်စီးပွားရေးအခြေအနေ တိုးတက်ရန် အလားအလာနည်းလျက်ရှိ နယူးယောက်တိုင်းမ်သတင်းစာ ဖော်ပြ

**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန်နိုင်ငံသည် လွန်ခဲ့သော သုံးနှစ်က စီးပွားရေးကျဆင်းနေခဲ့ရာမှ ပြန်လည်နာလန်ထူလာခဲ့သည်။ နောက်ဆုံးလေ့လာချက်များအရ အမေရိကန် ၏ စီးပွားရေးမှာ အားနည်းလျက်ရှိပြီး အရှိန်ကောင်းကောင်းနှင့် တိုးတက်ရန် အလားအလာမှာ နည်းပါးလျက်ရှိကြောင်း ဇူလိုင် ၁၂ရက်ထုတ် နယူးယောက်တိုင်းမ်သတင်းစာက ဖော်ပြလိုက်သည်။

ရောင်းရေးဝယ်တာတွင် လက်လီရောင်းချရမှုများမှာ နှေးကွေးသွားပြီး မော်တော်ယာဉ်အရောင်းအားမှာလည်း ကျဆင်းလာလျက်ရှိသည်။ နောက်ဆုံးလေးလပတ်ကာလ၌ ကွန်ပျူတာဆော့ဖ်ဝဲများနှင့် ဟာ့ဒ်ဝဲများမှာ အရောင်းနည်းပါးလာသောကြောင့် နည်းပညာဆိုင်ရာ ကုမ္ပဏီများအတွက် အခြေအနေမှာ ဆိုးရွားနိုင်ကြောင်း သတိပေးချက်များ ထွက်ပေါ်နေသည်ဟုဆိုသည်။

ဇွန်လပိုင်းမှစ၍ စတော့ဈေးကွက်များ၌လည်း စတော့ရှယ်ယာဈေးနှုန်းများမှာ တက်မလာဘဲ အကျဘက်သို့ ဦးတည်လျက်ရှိသည်။ ဘွန်းစာချုပ်ဈေးနှုန်းများမှာလည်း တစ်ဖက်၌ ဈေးတက်လျက်ရှိရာ ထိုအချက်က စီးပွားရေးသည် မကောင်းလှဘဲ ငွေကြေးဖောင်းပွမှုများ ဖြစ်လာမည်ကို စိုးရိမ်နေရကြောင်း ညွှန်ပြလျက်ရှိသည်ဟု သတင်းစာက ဖော်ပြခဲ့သည်။

**ယုံကြည်ထားကြဆဲ**

အမေရိကန်စီးပွားရေး အခြေအနေမှာ လာမည့် သီတင်းပတ်များတွင်လည်း ငွေကြေးဖောင်းပွမှု၏ သက်ရောက်မှုကြောင့် တိုးတက်နှုန်းများ နှေးကွေးနေမည့် လက္ခဏာရှိကြောင်း အင်ဒရူးတလ်တန်ကို ကိုးကား၍ ဖော်ပြခဲ့သည်။ ၎င်းမှာ ဂိုလ်းမင်းဆက်ချ်မှ စီးပွားရေးပညာရှင် တစ်ဦးဖြစ်သည်။မည်သို့ဆိုစေကာမူ အမေရိကန် စီးပွားရေးပညာရှင် အများစုက အမေရိကန် စီးပွားရေးအခြေအနေသည် ပြိုလဲကျသည့်အဆင့်သို့ မရောက်နိုင်သေးဟူသောအချက်ကိုမူ လက်ခံယုံကြည်ထားကြဆဲဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

**ဇူလိုင် ၁၄ ရက်က ဘဂ္ဂဒက်မြို့လယ် အစိမ်းရောင်နယ်မြေတွင် ကားဗုံးပေါက်ကွဲပြီးနောက် ယာဉ် အသွားအလာကို စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# ဘူလ်ဂေးရီးယား ဓားစာခံတစ်ဦးအား အီရတ်ခုခံတိုက်ခိုက်ရေးအုပ်စုက သတ်ပစ်

**ဘဂ္ဂဒက် ဇူလိုင် ၁၄**

အယ်လ်ခိုင်ဒါအုပ်စုနှင့် အဆက်အသွယ်ရှိသည့် အဘူမူဆာ အယ်လ်ဇာကာဝီ ဦးဆောင်သည့် အီရတ်ခုခံတိုက်ခိုက်ရေး အုပ်စုတစ်စုသည် ဘူလ်ဂေးရီးယား ဓားစာခံတစ်ဦးအား သတ်ပစ်လိုက်ပြီး အဆိုပါ အုပ်စုက ဖမ်းဆီးထိန်းသိမ်းထားသည့် ဒုတိယမြောက်ဘူဂေးရီးယား ဓားစာခံတစ်ဦးကိုလည်း ၂၄နာရီအတွင်း သတ်ပစ်မည်ဟု ပြတ်ပြတ်သားသား ပြောဆိုလိုက်ကြောင်း အယ်လ်ဂျာဇီရာ ရုပ်/သံက ထုတ်လွှင့်သည်။

**ဖြန့်ချိ**

အဆိုပါအုပ်စုသည် ဓားစာခံအား ကွပ်မျက်သည့် ဗီဒီယိုတိပ်ခွေကို ဖြန့်ချိသော်လည်း ထုတ်လွှင့်ပြသခြင်း မပြုကြောင်း ကာတာနိုင်ငံအခြေစိုက် အယ်လ်ဂျာဇီရာရုပ်/သံက ဖော်ပြသည်။ ထိုအတောအတွင်း တတိယမြောက် ဓားစာခံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသား အင်ဂျီလိုဒီလာခရုဇ် အသက်အန္တရာယ်ကို ကယ်တင်နိုင်ရန် အီရတ်နိုင်ငံမှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များကို အမြန်ဆုံး ပြန်လည်ရုပ်သိမ်းမည်ဆိုသော ဖိလစ်ပိုင်အစိုးရ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ ပြောဆိုမှုနှင့်ပတ်သက်၍ အမေရိကန်နှင့်အီရတ်အစိုးရတို့က စိတ်ပျက်လက်ပျက်ဖြစ်မိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီးနောက် ယင်းကဲ့သို့ ဘူလ်ဂေးရီးယားဓားစာခံအား ကွပ်မျက်လိုက်ခြင်းဖြစ်သည်။

**စိတ်ပျက်မိ**

အီရတ်နိုင်ငံ တည်ငြိမ်ရေးအတွက် ယခုကဲ့သို့ တိုက်ပွဲဝင်နေချိန်မျိုးတွင် ဖိလစ်ပိုင်နိုင်ငံက ယင်းကဲ့သို့ပြောကြားခြင်းကို မိမိတို့ စိတ်ပျက်မိကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ရစ်ချတ်ဘောက်ချာက ဝါရှင်တန်တွင် ပြောကြားသည်။

**စောင့်ဆိုင်း**

အဆိုပါ ကြေညာချက်သည် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းဖွယ်ရှိသည်ဆိုသည့်အချက် ဟုတ်၊ မဟုတ်ကို ရှင်းရှင်းလင်းလင်းသိရှိရန် မိမိတို့ စောင့်ဆိုင်းနေကြောင်း ၎င်းက ပြောကြားသည်။

**ဆွေးနွေး**

ဖိလစ်ပိုင်လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး ရီဖယ်ဆီဂွဇ်၏ ပြောဆိုချက် ထွက်ပေါ်လာပြီးနောက် ဖိလစ်ပိုင်ဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဖရန်စစ်ရီစီယာနွန်သည် ဖိလစ်ပိုင်သမ္မတဂလိုရီယာမာလာပါဂယ်အာရိုယိုနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း ဘောက်ချာကပြောကြားသည်။

***အင်တာနက်။***




# အီရတ် အိုလံပစ်ကော်မတီအကြီးအကဲအား ဘဂ္ဂဒက်၌ ချောင်းမြောင်းပစ်ခတ်

**ဘဂ္ဂဒက် ဇူလိုင် ၁၄**

လုပ်ကြံသတ်ဖြတ်သူများက အီရတ် အိုလံပစ်ကော်မတီ အကြီးအကဲ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်းအား ဘဂ္ဂဒက်မြို့လယ်တွင် ချောင်းမြောင်းပစ်ခတ်သတ်ဖြတ်ရန် ကြိုးပမ်းကြောင်းဖြင့် အဆိုပါကော်မတီ အကြီးအကဲက အင်္ဂါနေ့တွင်ပြောကြားလိုက်သည်။

**ချောင်းမြောင်းပစ်ခတ်**

အဆိုပါ အိုလံပစ်အကြီးအကဲမှာ အာမက်အယ်လ်ဟိုင်ဂျီယာဖြစ်ပြီး ၎င်းဦးဆောင်လာသည့် မော်တော်ယာဉ် နှစ်စီးပါ မော်တော်ယာဉ်တန်းမှာ ဘဂ္ဂဒက်မြို့တော် ဟိုင်ဖာလမ်းမပေါ်တွင် ချောင်းမြောင်းပစ်ခတ်ခံရကြောင်း ရုပ်မြင်သံကြားအစီအစဉ် တွေ့ဆုံ မေးမြန်းရာတွင် ပြောကြားသည်။

**ပေါ်ပေါက်ရာနေရာ**

ယင်းတိုက်ခိုက်ခံရသည့်နေရာမှာ အီရတ်တွန်းလှန်တိုက်ခိုက်သူများနှင့် အမေရိကန်တပ်ဖွဲ့များ ရံဖန်ရံခါ တိုက်ခိုက်မှုရှိရာနှင့် ပုံမှန်တိုက်ခိုက်မှုများ ပေါ်ပေါက်ရာနေရာဖြစ်သည်။

တွန်းလှန်တိုက်ခိုက်သူများက ဒုံးပစ်လောင်ချာများဖြင့် မော်တော်ယာဉ်တန်းအား ပစ်ခတ်ရာ အယ်လ်ခိုင်ဟိုင်ဂျီယာ၏ကိုယ်ရံတော်၏ မော်တော်ယာဉ် ထိခိုက်ပျက်စီးပြီး ကိုယ်ရံတော်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဟိုင်ဂျီယာက ဆက်လက်ပြောကြားသည်။

**ပြောကြား**

ယင်းတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ မိမိအံ့အားသင့်ရကြောင်း၊ အဘယ်ကြောင့်ဆိုသော် အိုလံပစ်ကော်မတီသည် နိုင်ငံရေးကိစ္စနှင့် ပတ်သက်၍ မပတ်သက်သောကြောင့်ဖြစ်ကြောင်း၊ ယင်းကော်မတီသည် နိုင်ငံရေး၊ ဘာသာရေးနှင့် လူမျိုးရေးကိစ္စပမာမထားဘဲ အီရတ်ပြည်သူလူထုတို့နှင့် သက်ဆိုင်သည့် ကော်မတီဖြစ်ကြောင်း ဟိုင်ဂျီကပြောကြားသည်။

အီရတ်နိုင်ငံက လာမည့်လအတွင်း အေသင်မြို့၌ ကျင်းပမည့် အိုလံပစ် အားကစားပွဲများတွင် အထူးသဖြင့် အလေးမနှင့် ဘောလုံးပြိုင်ပွဲများ၌ ဆုတံဆိပ်အတန်အသင့် ရရန် မျှော်လင့်ထားသည်။ ***အင်တာနက်။***

# ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ အီရတ်မှ စတင်ရုပ်သိမ်း

နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက် ဇူလိုင် ၁၄

**အီရတ်ရှိ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များကို စတင်ရုပ်သိမ်းလျက်ရှိကြောင်း ဖိလစ်ပိုင်အစိုးရက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်ရာ အကယ်၍ ဇူလိုင် ၂၀ ရက်အရောက်တွင် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များကို မရုပ်သိမ်းလျှင် ဖိလစ်ပိုင်ဓားစာခံတစ်ဦးကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသည့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများကို နှစ်သိမ့်ရန်မျှော်လင့်ထားပုံရကြောင်း အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**

**ကြိုဆို**

ဖိလစ်ပိုင်ဓားစာခံဖြစ်သူ အင်ဂျီလို ဒီလာခရုဇ်၏ မိသားစုက ယင်းသို့ ဖိလစ်ပိုင်တပ်ဖွဲ့ရုပ်သိမ်းမှုကို ကြိုဆိုလိုက်ပြီး ၎င်းအား ကွပ်မျက်ပစ်မည့် အန္တရာယ်မရှိတော့ကြောင်း ဘဂ္ဂဒက်ရှိ ဖိလစ်ပိုင်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ သို့ရာတွင် ထိုအတောအတွင်း ဖမ်းဆီးထားသည့် ဘူဂေးရီးယားနိုင်ငံသား ထရပ်ကားမောင်းသူတစ်ဦးကို သတ်ပစ်လိုက်ကြောင်း အီရတ်နိုင်ငံမှ တိုက်ခိုက်ရေးသမားများက ပြောကြားပြီး နောက်ထပ် ဘူဂေးရီးယား ဓားစာခံတစ်ဦးကို ၂၄ နာရီအတွင်း ကွပ်မျက်မည်ဟု ခြိမ်းခြောက်ထားသည်ဟု အယ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်လွှင့်သည်။

ထိုအတောအတွင်း ဘဂ္ဂဒက်မြို့မှ နိုင်ငံတကာရုံးများနှင့် သံရုံးများရှိရာ ဒေသအနီးရှိ စစ်ဆေးရေးစခန်းတွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ အနည်းဆုံး လူကိုးဦးသေဆုံးပြီး ၂၀ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

**စနက်တံဖြုတ်**

ဖောက်ခွဲပစ္စည်းပေါင်း ၁၀၀၀ တင်ဆောင်ထားသည့်ကားကို ကားရပ်ရာနေရာသို့သွားသည့် စစ်ဆေးရေးစခန်းတစ်ခုတွင် စနက်တံကို ဖြုတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ ဗိုလ်မှူးကြီး မာဂျစ်အဗ္ဗဒယ်ဟာမစ်က ပြောကြားသည်။

ယင်းသို့ တိုက်ခိုက်မှုကြောင့် လူကိုးဦးသေဆုံးပြီး လူ ၂၀ ဦး ဒဏ်ရာရခဲ့သည်။

အဆိုပါနေရာသည် တစ်ချိန်က အမေရိကန်သိမ်းပိုက်ရေး အာဏာပိုင်များ၏ ဌာနချုပ်ဖြစ်ပြီး ယခုအခါ အမေရိကန်နှင့် ဗြိတိန်သံရုံးများ သာမက ကြားဖြတ် အီရတ်အစိုးရ၏ ရုံးများ တည်ရှိရာနေရာဖြစ်သည်။

***အင်တာနက်။***



**ဇူလိုင်၁၄ ရက်က ဘဂ္ဂဒက်မြို့လယ် အစိမ်းရောင်နယ်မြေ အနီးတွင် ကားဗုံးပေါက်ကွဲပြီးနောက် ဒဏ်ရာရရှိသူ အီရတ်တစ်ဦးကို ဇနီးဖြစ်သူက ဆေးရုံပေါ်၌ ကြည့်ရှုအားပေးနေစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အီရတ် ခုခံတွန်းလှန်ရေး အင်အားစုတို့ တိုက်ခိုက် အမေရိကန် တပ်ဖွဲ့ဝင် ငါးဦး ဘဂ္ဂဒက် ၌ သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၄

**ဘဂ္ဂဒက်မြို့တော်ရှိ အီရတ် အမျိုးသားအစောင့်တပ်ဌာနချုပ်ကို ခုခံတွန်းလှန်ရေး အင်အားစုများက စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အမေရိကန်နိုင်ငံ အိုဟိုင်းယိုး ပြည်နယ်မှ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးနှင့် အခြားအမေရိကန် တပ်ဖွဲ့ဝင်လေးဦးတို့ ဇူလိုင် ၈ ရက်က သေဆုံးသွားကြောင်း အမေရိကန် ကာကွယ်ရေးဌာနက အင်္ဂါနေ့က ကြေညာသည်။**

အိုဟိုင်းယိုးပြည်နယ် ကလီဗီလင်းမှ တပ်ဖွဲ့ဝင် ဂျိုးဇက်အမ် ဂမ်ဘက် ဂျူနီယာ (၂၄နှစ်)နှင့် အခြား တပ်ဖွဲ့ဝင်များကို ဂျာမနီနိုင်ငံ ရှဝိန်ဖတ်ရှိ အမှတ်(၁) ခြေလျင်တပ်မ၊ အမှတ်(၂၆) ခြေလျင်တပ်မဟာ၊ အမှတ်(၁)တပ်ရင်းတွင် ပူးတွဲ တာဝန်ချထားခဲ့သည်။

**ဝေဖန်ပြောကြား**

အီရတ်၌ သေဆုံးသူ အမေရိကန် တပ်ဖွဲ့ဝင် ဂျိုးဇက်အမ် ဂမ်ဘက် ဂျူနီယာ၏ ဆွေမျိုးသားချင်းများထံမှ အင်္ဂါနေ့ ညအထိ တစ်စုံတစ်ရာ ဝေဖန်ပြောကြားချက် မရသေးဟု သိရသည်။ ***အင်တာနက်။***

# အီရတ်စက်မှုဝန်ကြီးဌာန အကြီးအကဲတစ်ဦး ခုခံတိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်မှုကြောင့်သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၅

**ဈေးဝယ်ထွက်ရန် ဘဂ္ဂဒက်မြို့ရှိ နေအိမ်မှအထွက်တွင် အမည်မသိသေနတ်သမားများ၏ လက်ချက်ကြောင့် အီရတ်စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဆာဘီယာကာရမ်မှာ သေဆုံးခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။**

ဆာဘီယာကာရမ်သည်ရုံးသို့မသွားမီ ဈေးဝယ်ထွက်ရန် ဘဂ္ဂဒက်မြို့ ဆာဒီယာဒေသရှိ ၎င်း၏နေအိမ်မှထွက်ခွာလာစဉ် အင်္ဂါနေ့နံနက်က ယင်းကဲ့သို့ တိုက်ခိုက်ခံရခြင်းဖြစ်သည်။

၎င်းအား ပစ်သတ်ရာတွင် သေနတ်သမားများသည် အသံတိတ်ကိရိယာပါ သေနတ်ကို အသုံးချခဲ့ကြောင်း၊ တိုက်ခိုက်မှုကို မည်သူတို့က လုပ်သည်ကို မစဉ်းစားမိသေးကြောင်း၊ ယင်းကိစ္စကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဆက်ဖ်အဗ္ဗဒယ်ရာမန်က ပြောကြားသည်။

ကာရမ်သည် အီရတ်စက်မှုဝန်ကြီးဌာန စာရင်းစစ်ဌာနခွဲမှ တာဝန်ရှိသူတစ်ဦးဖြစ်ကြောင်း အဗ္ဗဒယ်ရာမန်က ပြောကြားသည်။

ဆက်ဒမ်ဟူစိန်အစိုးရကို ဖယ်ရှားခဲ့ပြီးနောက် ၁၅လ ကာလအတွင်း ပစ်ခတ်သတ်ဖြတ်မှုသည် အီရတ်နိုင်ငံ၌ မကြာခဏဖြစ်လျက်ရှိသည်။

တနင်္လာနေ့ကလည်း အီရတ် အိုလံပစ်ကော်မတီအကြီးအကဲ အာမက် အယ်လ်ဟိုင်ဂျီယာသည် ဘဂ္ဂဒက်မြို့လယ်တွင် လုပ်ကြံခံရသည့်ဘေးမှ အသက်မသေဘဲ လွတ်မြောက်ခဲ့သည်။ အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ၎င်းစီးနင်းလိုက်ပါလာသည့် ယာဉ်နှစ်စီးပါ ကားတန်းကို သေနတ်များဖြင့်ပစ်ခတ်ပြီး လက်ပစ်ဗုံးများဖြင့် တိုက်ခိုက်ခဲ့ကြသည်။

ဇွန်လကလည်း အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်ပြည်ထဲရေးဝန်ကြီးဌာနမှ ဝါရင့် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကို ကားဗုံးဖောက်ခွဲ၍ လုပ်ကြံရန် ကြိုးစည်ခဲ့သေးသည်။

မေလကလည်း ထိုစဉ်က အီရတ်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် ဘဂ္ဂဒက်မြို့လယ်ရှိ လုံခြုံရေး တင်းကျပ်စွာ ချထားသည့် အစိမ်းရောင် နယ်မြေအတွင်းသို့ ကားမောင်းဝင်လာစဉ် အသေခံ ကားဗုံးဖောက်ခွဲကာ လုပ်ကြံခံရသေးသည်။

***အမ်အင်အေ၊ ရိုက်တာ***

**ပျက်စီး**

**ဇူလိုင် ၁၄ ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ထိခိုက်ပျက်စီးသွားသည့် ကုန်စုံဆိုင် တစ်ဆိုင်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၈၈၃ဦးရှိပြီး

**ဘဂ္ဂဒက် ဇူလိုင် ၁၅**

လွန်ခဲ့သည့်နှစ်က အီရတ်နိုင်ငံတွင် စစ်ရေးစစ်ဆင်မှုများ စတင်ခဲ့ချိန်မှစ၍ ယခု ဇူလိုင် ၁၄ရက်အထိ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၈၃ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၆၅၃ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၃၀ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဘုရှ်က ကြေညာခဲ့သည့် ၂၀၀၃ခုနှစ် မေ ၁ရက်နေ့နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၇၄၅ဦး သေဆုံးခဲ့သည်။ ယင်းအနက် ၅၄၄ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၀၁ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။ ***အင်တာနက်။***

# အီရတ်တွင် မှောင်ခိုမူးယစ်ဆေးဝါးများ ဖမ်းမိ

**ဘဂ္ဂဒက် ဇူလိုင် ၁၄**

အီရတ်နိုင်ငံတောင်ပိုင်း မီဆန်မြို့တွင် အီရတ် ရဲတပ်ဖွဲ့များသည် မှောင်ခိုသယ်ဆောင်လာသော မူးယစ်ဆေးဝါး ကီလိုဂရမ် ၅၀၀ခန့်ကို သိမ်းဆည်းရမိကြောင်း ဒေသခံသတင်းစာ အယ်မူတာမာက အင်္ဂါနေ့က ဖော်ပြခဲ့သည်။

**ဖမ်းမိ**

မာစီဒီးကားဖြင့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာကြောင်း သတင်းရရှိခဲ့သည်။ စစ်ဆေးရေးစခန်းသို့ ထိုကား ရောက်ရှိလာသောအခါ စေ့စေ့စပ်စပ်ရှာဖွေပြီးနောက် မူးယစ်ဆေးဝါးများကို ဖမ်းမိခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ဗိုလ်မှူးကြီး အစ္စမေးလ်အာရား အယ်မာဂျီဒီက ပြောကြားသည်။ ၎င်းသည် မီဆန်မြို့၏ ရဲတပ်ဖွဲ့ အကြီးအကဲဖြစ်သည်။

သယ်ဆောင်လာသော မူးယစ်ဆေးဝါးများကို နို့အိတ်များအတွင်း ဝှက်၍ယူလာပြီး တိရစ္ဆာန်အစားအစာများဖြင့် ဖုံးအုပ်ထားကြောင်း တွေ့ရသည်ဟု ဆိုသည်။

ယာဉ်မောင်းကိုဖမ်းဆီးလိုက်ပြီး ကားအတွင်း တွေ့ရသော ဆေးဝါးများကို သိမ်းဆည်းလိုက်ကြောင်း သိရသည်။

**ကြုံတွေ့**

အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော မကောင်းမွန်သည့် လုံခြုံရေးအခြေအနေ၊ စိတ်မချရသည့် နယ်စပ်ဒေသခရီးလမ်းများ၊ ဖျက်သိမ်းခဲ့သော အီရတ်လက်နက်ကိုင်တပ်ဖွဲ့နှင့် ဟာနေသောလုံခြုံရေး ကွက်လပ်ကို အစားထိုးဖြည့်ဆည်းပေးမှု မပြုနိုင်ခြင်းတို့ကြောင့် အီရတ်အစိုးရသစ်သည် မှောင်ခိုပြဿနာများနှင့် နယ်စပ်မလုံခြုံသည့် အခက်အခဲများကို ကြုံတွေ့နေရသည်ဟုဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

✧ **ကျောဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော်မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamed နှင့် ဇနီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Defence Advisor Colonel Hj-Abbas Bin Hj-Mat နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

**သီဆိုဖျော်ဖြေ**

ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာတွင် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အဆို၊ အတီးများဖြင့်လည်းကောင်း၊ ညစာသုံးဆောင်အပြီးတွင် အကပဒေသာများဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြသည်။ (သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ဧည့်သည်တော်မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamed နှင့်ဇနီးဦးဆောင်သော အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်( ရေ )တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၇ရက် ညနေပိုင်းတွင် သန်လျင်ရေတပ် တပ်နယ်အားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲအဖြစ် ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းနှင့် ရေတပ်ပင်မစက်မှုလက်မှုတပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းက ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

**ပေးအပ်ချီးမြှင့်**

ဗိုလ်လုပွဲအပြီးတွင် ပြိုင်ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုနှင့် နေရာအလိုက်အကောင်းဆုံး အားကစားသမားဆုများကို ဒုတိယနှင့် ပထမရရှိသည့် အသင်းတို့အား အားကစားသမားတစ်ဦးချင်းဆုများနှင့် ငွေသားဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းက ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းအား တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်လိုက်သည်။ (သတင်းစဉ်)

# ကျောင်းသုံးဗလာစာအုပ်များ ရိုက်နှိပ်ရာတွင် ခြိုးခြံချွေတာ စာအုပ်လက်ဆင့်ကမ်းသုံးစွဲသည့်စနစ် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၅

**ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းထွန်းနှင့် ကော်မတီဝင်များ၊ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းနှင့် ဆပ်ကော်မတီဝင်များ၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ခြိုးခြံချွေတာ**

ရှေးဦးစွာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် "နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ၂၀၀၄-၂၀၀၅ခုနှစ်ပညာသင်နှစ် ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးစာအုပ်များကို ကျောင်းသား၊ ကျောင်းသူများထံ အခက်အခဲမရှိ ထုတ်လုပ်ဖြန့်ဝေနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လာမည့်၂၀၀၅-၂၀၀၆ ခုနှစ် ပညာသင်နှစ် ကျောင်းဖွင့်ရာသီအတွက် ပုံနှိပ်ရေးနှင့်ဖြန့်ဝေရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်ရန် အစည်းအဝေးခေါ်ယူခြင်းဖြစ်ကြောင်း၊ ထိုသို့ ပုံနှိပ်ဖြန့်ဝေရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသုံးစာအုပ်များကို ကျောင်းသား၊ ကျောင်းသူများ၊ ၂၀၀၅ - ၂၀၀၆ ကျောင်းဖွင့်ရာသီအမီ လွယ်လွယ်ကူကူဈေးနှုန်းမှန်ကန်စွာဝယ်ယူနိုင်အောင် ဖြန့်ဝေဆောင်ရွက်ရန်၊ ပုံနှိပ်ရိုက်နှိပ်ရာတွင်လည်း တတ်နိုင်သမျှ နိုင်ငံပိုင် ပုံနှိပ်စက်များနှင့်သာ အရည်အသွေးမီမီ ရိုက်နှိပ်သွားရန်၊ လိုအပ်မည့်ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရာတွင်လည်း ခြိုးခြံချွေတာရန်၊ ထိုသို့ ခြိုးခြံချွေတာနိုင်ရေးအတွက် ကျောင်းသုံးစာအုပ်များကို လက်ဆင့်ကမ်းသုံးစွဲသည့် စနစ်ကိုပါ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အသစ်ပုံနှိပ်ထုတ်လုပ်ရသော ကျောင်းသုံးစာအုပ်အရေအတွက် လျော့ကျသွားမည်ဖြစ်ကြောင်း" စသည်ဖြင့် မှာကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းတို့က ၂၀၀၄-၂၀၀၅ ခုနှစ် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ဝေခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

**ညှိနှိုင်းစီမံ**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ဆွေးနွေးပြီး ညှိနှိုင်းစီမံ ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



**ကွယ်လွန်သူ ဦးလီဟုန်ယူအားရည်စူး၍ အမှတ်(၅၈)(B-၂)ကမ်းနားလမ်း စောရန်ပိုင်အနောက်ရပ်ကွက် အလုံမြို့နယ်နေ ဇနီးဒေါ်ချင်ထွေးကြည်နှင့် သားသမီးမြေးတစ်စုက ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်များအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ဇွန် ၂၈ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း)လက်ခံယူစဉ်။** (က-ပ)



# မြစိမ်းရောင်စပါးစိုက်ပျိုးမှုနည်းပညာသင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး(ရုံးချုပ်)၏ မြစိမ်းရောင်စပါးစိုက်ပျိုးမှု နည်းပညာသင်တန်းဆင်းပွဲကို အဆိုပါရုံးချုပ် ညီလာခံခန်းမတွင် ယနေ့နံနက် ၉နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တစ်ဧကလျှင် စပါးတင်း ၁၀၀ ထွက်ရှိရေး ဦးတည်ချက်ထားရှိပြီး ဆက်လက်ဆောင်ရွက်သွားရန်နှင့် မြစိမ်းရောင်အထွက်တိုး မျိုးစပါးနှင့် နည်းပညာများ ပြည်နယ်နှင့် တိုင်းများတွင် စံပြစိုက်ပျိုးတိုးချဲ့ ပြန့်ပွားရေးတို့ကို ရည်မှန်းချက်ထားရှိပြီး သင်ကြားပေးလိုက်သည့်စာတွေ့၊ လက်တွေ့များအတိုင်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါသင်တန်းသို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူ စုစုပေါင်းသင်တန်းသား ၉၀ဦးတက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

# နယ်စပ်ဒေသနှင့် ကျေးလက်ဖွံ့ဖြိုးရေး အထွက်ကောင်းစပါးမျိုးနှင့် စိုက်ပျိုးမှုနည်းပညာပံ့ပိုးပေး



## နည်းပညာပံ့ပိုးမှုပေး

ဇူလိုင် ၁၃ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် ခေတ်သစ်ပျိုးထောင်စိုက်စနစ် နည်းပညာသရုပ်ပြသ၍ ဒေသခံတောင်သူလယ်သမားများအား နည်းပညာပံ့ပိုးမှုပေးနေစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

## ရွှေရင်အေးစပါးကောက်ရိတ်သိမ်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဖြိ ကျေးရွာစိုက်ကွင်းတွင် ဇွန် ၂၅ရက်က အထူးအထွက်ကောင်း ရွှေရင်အေးစပါး ကောက်ရိတ်သိမ်းပွဲ ကျင်းပရာ တိုင်းရင်းသူများပါဝင်ဆင်နွှဲကြစဉ်။

(ဓာတ်ပုံ-သောင်းဝင်းဗိုလ်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး သုတေသနစိုက်ခင်းတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆင်းရွှေလီစပါးပင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)





## စက်ဖြင့်ခြွေလှေ့

ကယားပြည်နယ် ဒီမောဆိုမြို့နယ် ငွေတောင်စိုက်ကွင်းတွင် ဇူလိုင် ၂ရက်က ရွှေရင်အေးနှေစပါး ရိတ်သိမ်းပွဲကျင်းပပြီးနောက် စက်ဖြင့်ခြွေလှေ့နေမှုကို တောင်သူလယ်သမားများ ကြည့်ရှုလေ့လာကြစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

## နည်းပညာများ သရုပ်ပြစိုက်ပျိုး

ဧရာဝတီတိုင်း ကန်ကြီးဒေါင့်မြို့နယ် ကွင်းယားကြီးအရှေ့ ကျေးရွာအုပ်စု မြို့ဝင်ဧက ၄၀၀ စံပြစိုက်ကွက်တွင် ဒေသခံ တောင်သူလယ်သမားများအား စပါးစိုက်ပျိုးမှု နည်းပညာများ သရုပ်ပြပွဲကို ဇူလိုင် ၉ရက်က ကျင်းပစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)



# နိုင်ငံတော်၏ အားပေးပံ့ပိုးမှုဖြင့် ထူးချွန်ထက်မြက်သည့် ပညာတတ်များ ပေါ်ထွက်လာ ဒေသအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်ရေး အားပေးဆောင်ရွက်မည် ပညာရေးသာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၌လည်း အခြေခံကောင်းများရရှိနေ



**မြန်မာနိုင်ငံပညာရေးကော်မတီ ဒု**
**သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတ**
**စိုးဝင်း ရန်ကုန်တိုင်း ထန်းတပင်မြို့**
**ကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်း**
**နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

ရန်ကုန် ဇူလိုင် ၁၅

**ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းများ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။**

### တက်ရောက်

အဆိုပါ အခမ်းအနားများသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ အလှူရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ကျောင်းဆောင်သစ်ဖွင့်

ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို နံနက် ၇ နာရီတွင် အဆိုပါကျောင်း၌ စတင်ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းဆောင်သစ် အလှူရှင် ဗိုလ်မှူးစောထွန်းကျော် (အငြိမ်းစား)တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းဆောင်သစ် အလှူရှင်နှင့် တာဝန်ရှိသူများအား နှုတ်ဆက်အားပေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြပြီး ကျောင်း၏ မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ဘာ့ပြည်မော်ကွန်းကျောက်စာတိုင်နှင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ ပညာရေးဆောင်ပုဒ်တို့ကို ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများက ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအစီအစဉ်ကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းယုတင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မာလ်တီမီဒီယာ စာသင်ခန်းများ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Electronic Media Video Room၊ Language Lab Room၊ Computer







Aided Instruction Room၊ Computer Application Room၊ Electronic Media Audio Room၊ Reading Corner Room နှင့် ပန်းချီခန်း၊ အိမ်တွင်းမှုခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### ဖျော်ဖြေ

ထို့နောက် ကျောင်း၏ လှိုင်ရတနာ ခန်းမ၌ ကျောင်းကုန်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား၊ ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားအစီအစဉ်များကို ကျင်းပရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဂီတအနုပညာများဖြင့် ဖျော်ဖြေကြသည်။

### အမှာစကားပြောကြား

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍ ဘက်စုံပညာထူးချွန်ရေးအတွက် ရည်မှန်းချက်များ စနစ်တကျ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးကိုလည်း မိဘများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ခဲ့ရာ ၉၆ ရာခိုင်နှုန်းနီးပါး ဖြည့်ဆည်းနိုင်ခဲ့သဖြင့် ကျောင်းနေအရွယ် ကလေးများ ရာခိုင်နှုန်းပြည့်နီးပါး ကျောင်းနေနိုင်ပြီဟု ဆိုနိုင်ကြောင်း။

အလားတူ မူလတန်းအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများသည်လည်း အလယ်တန်းပညာကို

**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲသို့ တက်ရောက်စဉ်နှင့် မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ဘာ့ပြည်မော်ကွန်း ကျောက်စာတိုင်နှင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ ပညာရေးဆောင်ပုဒ်တို့ကို ထူးချွန်ကျောင်းသား၊ ကျောင်းသူများက ဖွင့်လှစ် ပေးစဉ်။** (သတင်းစဉ်)

လက်လှမ်းတမီ ဆက်လက်သင်ယူ ဆည်းပူးနိုင်ကြပြီဖြစ်ကြောင်း။

### လေ့ကျင့်သင်ကြားပေးနိုင်

ယနေ့ကဲ့သို့ မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်လှစ်နိုင်၍လည်း စာသင်ချိန်နည်းနည်းအတွင်း ဘာသာရပ်အသီးသီးကို များများ သင်ယူ တတ်မြောက်နိုင်အောင် လေ့ကျင့်သင်ကြားပေးနိုင်လျက်ရှိပြီဖြစ်ကြောင်း။

လစဉ်ဆန်းစစ်ခြင်းနှင့် စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းတို့ဖြင့် ကျောင်းသားများအား အမှန်တကယ် စာတတ်မြောက်အောင် သင်ကြားပေးနိုင်ရုံမက အများကောင်းကျိုး လိုလားသူများ၊ အနာဂတ်အတွက် အားထားရသူများ၊ ဘက်စုံထူးချွန်ထက်မြက်သူများ ဖြစ်လာစေရန်တို့အတွက် ကျောင်းသား၊ မိဘနှင့် ဆရာ သုံးဦးသုံးဖလှယ် ပေါင်းစပ်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

အခြေခံပညာ ကဏ္ဍ၌သာမက ဒေသအသီးသီးတွင် အဆင့်မြင့်ပညာများကို သင်ယူနိုင်အောင် နိုင်ငံတော်က အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံတော်၏ အားပေးပံ့ပိုးမှုများဖြင့် ထူးချွန်ထက်မြက်သည့် ပညာတတ်များ စတင်ပေါ်ထွက်လာနေပြီလည်း ဖြစ်ကြောင်း။

ယင်းပညာတတ်များက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်သွားရမည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ဒေသအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်စသည့် ပညာတတ်များ မွေးထုတ်နိုင်ရေးအတွက် ဆက်လက်အားပေး ပျိုးထောင်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

ပညာရေးတွင်သာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်အသီးသီး၌လည်း ရှေ့သို့ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံကောင်းများ၊ အသီးအပွင့်ကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

### အကောင်အထည်ဖော်

ယခုအခါ နိုင်ငံရေးဦးတည်ချက် (၄)ရပ်အနက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး ဦးတည်ချက်များကို မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်၍ လက်တွေ့ အကောင်အထည်ဖော် လျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးအတွက် အမျိုးသားညီလာခံကြီးကို ပထမ





**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်စဉ်နှင့် ကျောင်းဆောင်သစ်ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် အလှူရှင် ဗိုလ်မှူးစောထွန်းကျော်(ငြိမ်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးပြုရန် စေတနာရှင်များ လှူဒါန်းသည့် စာအုပ်စာတမ်းများ လွှဲပြောင်းပေးအပ်

ရန်ကုန် ဇူလိုင် ၁၅

**မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် စေတနာရှင်များလှူဒါန်းသည့် စာအုပ်စာတမ်းများကို ပညာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနများသို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာဥ္ဇကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက အလှူရှင်များကိုယ်စား စာအုပ်များ ပေးအပ်လှူဒါန်းသည်။**





**မြန်မာနိုင်ငံ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးပြုရန် ကာကွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် စေတနာရှင်များ လှူဒါန်းသည့် စာအုပ်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက စာအုပ်များ ပေးအပ်လှူဒါန်းရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း လက်ခံယူစဉ်။** (သတင်းစဉ်)

## မိတ်ဆက်

အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးလှမင်းက စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များကို မြန်မာနိုင်ငံသို့ ခေတ္တရောက်ရှိနေသော Myanmar Youth Association မှ အဖွဲ့ဝင် ပါမောက္ခ ဒေါ်ဝင်းဝင်းကြည်နှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ ပါမောက္ခ ဒေါ်ဝင်းဝင်းကြည်က Myanmar Youth Association ကိုယ်စား စာအုပ်များ လှူဒါန်းရခြင်းနှင့် မြန်မာနိုင်ငံ ပညာရေးကဏ္ဍတွင် အမေရိကန်ပြည်ထောင်စုမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေသော အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဝင်းက စာအုပ်များ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက လက်ခံကြသည်။

ယင်းနောက် တက်ရောက်လာကြသော သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားခြင်းခံရသော ဧည့်သည်များက လှူဒါန်းသည့် စာအုပ်စာတမ်းများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါစာအုပ်များမှာ မြန်မာနိုင်ငံ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အသုံးပြုရန်အတွက် အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ကြားပို့ချနေသော မြန်မာနိုင်ငံသူ၊ နိုင်ငံသားဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များနှင့် မိဘများဖြင့် ဖွဲ့စည်းထားသော လူမှုရေးအသင်း(Myanmar Youth Association) နှင့် အမေရိကန်မိတ်ဆွေများနှင့် မိသားစုများက ပေးပို့လှူဒါန်းခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ပညာသင်ကြားလျက်ရှိကြသော ၎င်းတို့၏ ညီအစ်ကိုမောင်နှမ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရေး အထောက်အကူပြုစေလိုသည့် စေတနာဖြင့် လှူဒါန်းခြင်းဖြစ်သည်။

ယင်းအဖွဲ့မှ ၂၀၀၂ခုနှစ် မတ်လနှင့် ဒီဇင်ဘာတွင် နှစ်ကြိမ်၊ ၂၀၀၃ခုနှစ် မေလနှင့် စက်တင်ဘာလတွင် နှစ်ကြိမ်၊ ယခုနှစ်မေလတွင် တစ်ကြိမ်၊ ယခုတစ်ကြိမ် စုစုပေါင်း ခြောက်ကြိမ် ပေးအပ်လှူဒါန်းခဲ့ပြီး မကြာမီလည်း ထပ်မံလှူဒါန်းနိုင်ရန်အတွက် စာအုပ်စာတမ်းများ မြန်မာနိုင်ငံသို့ ဆက်လက်ရောက်ရှိလာဦးမည်ဖြစ်ကြောင်း သိရှိရသည်။

## တက်ရောက်

စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေကြသော အမေရိကန်ပြည်ထောင်စုမှ Myanmar Youth Association၊ Teachers Across Borders (U.S.A)၊ People to People Group၊ Myanmar Women (New York) အဖွဲ့အစည်းမှ အဖွဲ့ဝင်ပညာရှင်များလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးပြုရန် ကာကွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် စေတနာရှင်များ လှူဒါန်းသည့် စာအုပ်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲတွင် Myanmar Youth Association မှ အဖွဲ့ဝင် ပါမောက္ခ ဒေါ်ဝင်းဝင်းကြည်က အဖွဲ့ကိုယ်စား စာအုပ်များ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**မြန်မာနိုင်ငံ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးပြုရန် ကာကွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် စေတနာရှင်များ လှူဒါန်းသည့်စာအုပ် စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုယ်စား ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ တပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ် ကျော်ဝင်းက စာအုပ်များ ပေးအပ် လှူဒါန်းရာ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမျိုးညွန့် လက်ခံ ယူစဉ်။** (သတင်းစဉ်)





# အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးအောင်ခမ်းထီ တပ်မတော်ဆေးရုံကြီးသို့ ငွေကျပ် ၁၀သိန်း လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၅

**ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ရှေ့တန်းရောက် တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း အထူးဒေသ(၆)မှ အမျိုးသားညီလာခံကိုယ်စားလှယ် ပအိုဝ်းတိုင်းရင်းသားအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ခမ်းထီနှင့် မိသားစုက တပ်မတော်ဆေးရုံကြီးတွင် တက်ရောက်၍ ဆေးကုသမှု ခံယူလျက်ရှိကြသော တပ်မတော်သားများ အသုံးပြုရန်အတွက် တပ်မတော်ဆေးရုံကြီး ဆေးပဒေသာပင် စိုက်ထူရန် ငွေကျပ် ၁၀ သိန်းကို ယနေ့နံနက် ၉နာရီတွင် တပ်မတော်ဆေးရုံကြီးသို့ လာရောက် လှူဒါန်းသည်။**

အခမ်းအနားသို့ တပ်မတော်ဆေးရုံကြီး တပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်နှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် ဦးအောင်ခမ်းထီက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မိမိသည် အမျိုးသားညီလာခံ တက်ရောက်နေစဉ်အတွင်း ကျန်းမာရေးအခြေအနေအရ တပ်မတော်ဆေးရုံကြီးသို့ ဆေးရုံတက်ရောက်ကုသခဲ့ရာ၌ နိုင်ငံတော်အကြီးအကဲများနှင့် တပ်မတော်ဆေးရုံကြီးမှ တာဝန်ရှိသူအဆင့်ဆင့်က မေတ္တာစေတနာအပြည့်အဝဖြင့် ပြုစုကုသပေးခဲ့သဖြင့် ကျန်းမာရေး ပြန်လည်ကောင်းမွန်၍ နိုင်ငံတော်၏အကျိုးကို ဆက်လက် သယ်ပိုးထမ်းဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လှူဒါန်းငွေများအား ပေးအပ်ရာ တပ်မှူးက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

**ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ရှေ့တန်းရောက် တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ပအိုဝ်းတိုင်းရင်းသားအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရဦးအောင်ခမ်းထီနှင့်မိသားစုက တပ်မတော်သားလူနာများ အသုံးပြုရန်အတွက် ဆေးပဒေသာပင် စိုက်ထူရန် ငွေကျပ် ၁၀ သိန်းကို တပ်မတော်ဆေးရုံကြီး တပ်မှူး ဗိုလ်မှူးချုပ် သန်းစိန်ထံ ပေးအပ်စဉ်။** (ထပဆ)

**ကမာရွတ်မြို့နယ် ရွှေလီလမ်း အမှတ်(၁)ရှိ LA Source Trading Co.,Ltd. က အထွေထွေပဒေသာပင် ငွေကျပ်ခုနစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ဇူလိုင် ၆ရက်က ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖွဲ့နှဆီစက်များ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၅

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဖွဲ့နှဆီစက်များနှင့် ဆန်ပြန်လည်ကြိတ်ဖွပ်ရေနှောစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။**

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ အမှတ်(၀၃)ဖွဲ့နှဆီစက်ရုံ (အင်းစိန်)သို့ ရောက်ရှိလာရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

**စားသုံးဆီဖူလုံရေး**

ထို့နောက် ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက နိုင်ငံတော်၌ စားသုံးဆီဖူလုံစေရေး ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရေးအတွက် မိမိတို့ ဝန်ကြီးဌာနအောက်ရှိ ဖွဲ့နှဆီစက်ရုံများက စားသုံးဆီများ ထုတ်လုပ်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ စားအုန်းဆီကြမ်းမှ ဆီသန့်ထုတ်လုပ်နိုင်ရေးအတွက် ဤစက်ရုံတွင် တီထွင်စမ်းသပ်ထုတ်လုပ်ထားမှုများကို လည်းကောင်း ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က အမှတ်(၀၃)ဖွဲ့နှဆီစက် (အင်းစိန်)နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ၁၉၆၄ခုနှစ်တွင် စက်ရုံ စတင်လည်ပတ်ခဲ့မှု၊ ဘဏ္ဍာနှစ်အလိုက် ဖွဲ့နှစားဆီ ထုတ်လုပ်ပေးနိုင်မှုများ၊ လတ်ဆတ်ဖွဲ့နှများ အလုံအလောက်ရရှိရန် လိုအပ်ပုံများ၊ စက်ရုံ၌လိုအပ်သော စက်ကိရိယာပစ္စည်းများတီထွင်တပ်ဆင်ပြီး စားအုန်းဆီသန့် ထုတ်လုပ်ပေးနိုင်မှုများနှင့် စားအုန်းဆီသန့် ဆက်လက်ထုတ်လုပ်ပေးနိုင်ရေးအတွက် စားအုန်းဆီအကြမ်းများ အဆက်မပြတ်ရရှိရန်လိုအပ်နေပုံများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မေးမြန်းမှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၀၃)ဖွဲ့နှဆီစက် (အင်းစိန်)၏ ဆီကြမ်းထုတ်စက် စက်ကြိတ်အင်အားမှာ ၂၄နာရီ ဖွဲ့နှ၂၅တန်ဖြစ်ပြီး ဆီသန့်စင်စက် စက်ကြိတ်အင်အားမှာ ၂၄နာရီ ဖွဲ့နှဆီကြမ်း၁၀တန်ဖြစ်သည်။ ဤစက်ရုံမှ ဖွဲ့နှဆီသာမက စားအုန်းဆီသန့်ကိုပါ ထုတ်လုပ်ပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး အမှတ်(၀၁)ဖွဲ့နှဆီစက်ရုံ(လှိုင်)သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ အမှတ်(၀၁)ဖွဲ့နှဆီစက်(လှိုင်)စက်ရုံမှူး ဦးမြင့်စိုးက ဤစက်ရုံကို ၁၉၆၂ခုနှစ်တွင် စတင်လည်ပတ်ခဲ့ပါကြောင်း၊စက်ရုံ၏ဆီကြမ်းထုတ်စက် စက်ကြိတ်အင်အားမှာ ၂၄နာရီ ဖွဲ့နှတန် ၂၀နှင့် ဆီသန့်စင်စက် စက်ကြိတ်အင်အားမှာ ၂၄နာရီ ဖွဲ့နှဆီကြမ်း ၁၀ တန် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ ဖွဲ့နှဆီထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**ပြန်လည်ကြိတ်ဖွပ်စက်ရုံ**

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လှိုင်မြို့နယ် ဆိပ်ကမ်းရှိ အမှတ်(၂၇၂) တန်၃၆၀ဆန်ပြန်လည်ကြိတ်ဖွပ်ရေနှောစက်ရုံသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးမောင်မြင့်က စက်ရုံ၏ သမိုင်းကြောင်းနှင့် ဆန်များကြိတ်ဖွပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များကို မှာကြားပြီး စက်ရုံမှကြိတ်ဖွပ်ထားသည့် ဧည့်မထဆန်နမူနာများကိုလည်းကောင်း၊ စက်ရုံ လည်ပတ်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်ရှိ အမှတ်(၀၃) ဖွဲ့နှဆီစက် (အင်းစိန်)တွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



# ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အောင်သပြေလမ်း မဟာစည်သြဝါဒခံ ကွင်းကျောင်းသာသနာ့ရိပ်သာ၌ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဩဂုတ် ၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆေးဝါးစသော ပစ္စည်းလေးပါးတို့ကို ဖြစ်စေ၊ သံဃာတော်တစ်ပါးအတွက် ဆွမ်းစရိတ် ကျပ်၁၀၀ကို ဖြစ်စေ ဖုန်း–၅၆၀၈၂၄ ဝေယျာဝစ္စအဖွဲ့နှင့် ဆက်သွယ်၍ အလှူရှင်များကိုယ်တိုင် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

# သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၅

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၁ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူများက တုရင်တောင် စိမ်းလန်းစိုပြည်ရေး၊ မြေသင်းတွင်းစိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် ဝန်ကြီးသည် တုရင်တောင်သို့ ရောက်ရှိပြီး တောင်တန်းတစ်လျှောက် စိမ်းလန်းစိုပြည်စေရေး ကွန်တိုဘောင်ပြုလုပ်၍ သစ်ပင်စိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း၊ ညောင်ဦးမြို့နယ် မြေသင်းတွင်း ကျေးရွာအနီး ကြိုးပြင်ကာကွယ်တောတွင် ဂျပန်နိုင်ငံ JICA ထောက်ပံ့မှုဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး သစ်တောစိုက်ခင်းစီမံကိန်း၏ ကေ၅၀၀ စိုက်ခင်းကိုလည်းကောင်း၊ ယခုနှစ်တွင် စိုက်ပျိုးမည့် ကေ၁၀၀၀စိုက်ခင်းအတွက် ပျိုးပင်စုဆောင်းထားရှိမှု၊ မြေပြုပြင်ထားရှိမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ချောက်မြို့နယ်ရှိ ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေး တမာစိုက်ခင်းလုပ်ကွက် အမှတ် A-2 သို့ ရောက်ရှိစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပုပ္ပားတောင်အရှေ့ခြမ်းရှိ နှစ်ရှည်သီးနှံ အစားထိုးစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

# ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ်တရားစခန်းဖွင့်မည်

**ရန်ကုန် ဇူလိုင် ၁၅**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္ဘာ့ဌာနာစရိယ ပိဋကတစ်ပုံဆောင် ရွှေမြင့်မိုရ် ကျောင်းတိုက် ပဓာန နာယက ဆရာတော် အရှင်သောဘဏ (ဒီဃနိကာယ ကောဝိဒသာသနဓဇသိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇူလိုင် ၁၈ ရက်မှ ၂၇ ရက်အထိ တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၇၁၂၅၈ သို့ဖြစ်စေ ဇူလိုင် ၁၇ ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(က–ပ)

## ရန်ကုန်မိုးရေချိန်

**(၁၅–၇–၂၀၀၄)**

| | | |
|---|---|---|
| မင်္ဂလာဒုံ | – | ၀ ဒသမ ၈၂ လက်မ |
| ကမ္ဘာအေး | – | ၀ ဒသမ ၆၃ လက်မ |
| ရန်ကုန်မြို့လယ် | – | ၀ ဒသမ ၅၅ လက်မ |



**အထက(၂)ကမာရွတ် ကျောင်းကောင်စီက ကြီးမှူး၍ ဇူလိုင် ၁၁ရက် နံနက်ပိုင်းတွင် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုဆောင်ရွက်ရာ အလောင်းဘုရားအသင်း ပါဝင်ယှဉ်ပြိုင်စဉ်။** (က–ပ)

# ရေးမြို့နယ်အတွင်း ဘိန်းဖြူများသိမ်းဆည်းရမိ၊ ဆက်လက်ဖော်ထုတ်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၅**

၂၀၀၄ခုနှစ် ဇူလိုင် ၉ရက်တွင် မွန်ပြည်နယ် ရေးမြို့နယ်အတွင်း၌ ငါးဖမ်းစက်လှေတစ်စင်း နစ်မြုပ်မှုနှင့် ပတ်သက်၍ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ဦးစီးသော ပူးပေါင်းအဖွဲ့က စစ်ဆေးဖော်ထုတ်ခဲ့ရာ ငါးဖမ်းစက်လှေပေါ်မှ ဘိန်းဖြူများကို ရွာတစ်ရွာ၌ ဝှက်သိမ်းထားကြောင်း ပေါ်ပေါက်သဖြင့် ရှာဖွေသိမ်းဆည်းခဲ့ရာ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့သည်။ ဘိန်းဖြူပမာဏနှင့် အလေးချိန်ကို စိစစ်ဆဲဖြစ်ပြီး အမှုတွင် ပါဝင်ပတ်သက်သူများနှင့် ကွင်းဆက်သတင်းများကို စစ်ဆေးဖော်ထုတ်လျက်ရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၆–၇–၂၀၀၄ (သောကြာနေ့)**

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၂၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၃၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၀** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Earth's Major Biomes **ပထမနှစ်–ပထဝီဝင်အထူးပြု**
- **၅:၃၀** ၉။ ပညာခေတ်
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရတနာရွှေအိုး (အပိုင်း–၁၅)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၂၂။ **အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ** “သီလ၊သမာဓိ၊ပညာ၊ဝီရိယ၊စေတနာ ဂုဏ်အဖြာဖြာ”
  - ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
  - ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင် ရွှေသမက်ဘယ်သူလဲ (အပိုင်း–၅)ဇာတ်သိမ်းပိုင်း**
  - ၂၅။ သင့်အတွက်မနက်ဖြန်
  - ၂၆။ အပိတ်နှုတ်ဆက်စကား
  - ၂၇။ ပြီးပါပြီ။





# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သမဝါယမ ဗဟိုဌာနၵ်၌ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့်ဆရာစံလမ်းထောင့်ရှိ သမဝါယမကုန်သွယ်ရေးဗဟိုဌာန (ဆရာစံပလာဇာ) ဒုတိယထပ်၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက်၍ ရှင်းလင်းဟောပြောသည်။** (ဝဲပုံ)

အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်မာထွန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အမျိုးသမီးဝန်ထမ်းများနှင့် အမျိုးသမီးသမဝါယမ အသင်းများဖြစ်သော မင်္ဂလာမေအမျိုးသမီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်မှုသမဝါယမအသင်းလီမိတက်၊ စန္ဒီဒေဝီ အမျိုးသမီး ကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်း၊သီရိမေအမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်၊ ဒေါပုံမြို့နယ် မေတ္တာရှင် အမျိုးသမီးများ သမဝါယမအသင်း၊ လှိုင်သာယာမြို့နယ် မေတ္တာရှင်အမျိုးသမီးများ သမဝါယမအသင်း၊ ကျောက်တန်းမြို့နယ် မေတ္တာရှင်အမျိုးသမီးများ သမဝါယမအသင်း၊ အမျိုးသမီး အနုပညာရှင်များ သမဝါယမအသင်းတို့မှ အမှုဆောင်များ စုစုပေါင်း ၅၁၄ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်ခုနစ်ရပ်နှင့် လုပ်ငန်းအဖွဲ့ ၁၆ခု၏ လုပ်ငန်းတာဝန်များ အဆင့်ဆင့်ဖွဲ့စည်းပုံများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏မွန်မြတ်သောရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ဇာတိမာန်ထက်သန်သော မြန်မာအမျိုးသမီးများ၊ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန်ပြည့်ဝသော မြန်မာအမျိုးသမီးများ ပေါ်ထွန်းရေးကို မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်နီနီဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အတွက် သမဝါယမဝန်ကြီးဌာန၏ အလှူငွေကျပ်တစ်သိန်းနှင့် သမဝါယမဝန်ကြီးဌာန၏ အထိမ်းအမှတ်လက်ဆောင်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ ပေးအပ်သည်။

ဆက်လက်၍ မင်္ဂလာမေအမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်မှု သမဝါယမအသင်းလီမိတက် တာဝန်ရှိသူများက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အတွက် အလှူငွေကျပ် ၅၀၀၀၀ကို ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

# အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာဟောပြော

ရန်ကုန် ဇူလိုင် ၁၅

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)အစည်းအဝေး ခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း တက်ရောက်ရှင်းလင်းဟောပြောသည်။** (အောက်ပုံ)

ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါက်တာဒေါ်စန်းရွှေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်မြင့်မြင့်ကို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၏ဇနီး ဒေါ်မြသန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိလုပ်ငန်းနှင့် ဦးစီးဌာနများမှ အမျိုးသမီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်ခုနစ်ရပ်၊ ဖွဲ့စည်းပုံအဆင့်ဆင့်၊ လုပ်ငန်းအဖွဲ့ ၁၆ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစီမံချက်တို့ကို ကဏ္ဍငါးရပ်ခွဲ၍ ရှင်းလင်းဟောပြောပြီး **"အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များအောင်မြင်ရေး၊ အမျိုးသမီးများ မိမိဆန္ဒအလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး ပြောကြားသွားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်မြင့်မြင့်ကိုက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အတွက် ဝန်ကြီးဌာန၏ အလှူငွေကျပ်နှစ်သိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံသို့ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)





# အမေ့နို့ဖိုးဇာတ်ကားသစ် ရုံသုံးရုံ တစ်ပြိုင်တည်းပြသ

ရန်ကုန် ဇူလိုင် ၁၅

ယခု သောကြာပတ်တွင် အမျိုးသားရုပ်ရှင်မှ ငြိမ်းမင်း၏ဇာတ်ညွှန်းကို ဒါရိုက်တာကျော်သူ ရိုက်ကူးသည့် **အမေ့နို့ဖိုး**ဇာတ်ကားသစ် ရုံတင်လာသည်။ ငွေမှန်တိုင်း၊ ဂုဏ်မှန်တိုင်း၊ လောဘမုန်တိုင်းကြားမှ မိခင်၏ ကြီးမားသောမေတ္တာက အနိုင်ယူလိုက်ပုံကို ပိုင်နိုင်စွာ သရုပ်ဖော်ထားသော မေတ္တာဘွဲ့ဇာတ်ကားဖြစ်သည်။ ရှမ်းပြည်နယ် ညောင်ရွှေဝန်းကျင်မှ လှပသော ရိုးရာဓလေ့မြင်ကွင်းများကို နောက်ခံထားရိုက်ကူးထားသည်။ ကျော်သူ၊ ထွန်းအိန္ဒြာဗို၊ မင်းမော်ကွန်း၊ ဆုပန်ထွာ၊ ချိုပြုံး၊ နှင်းဆီစသော သရုပ်ဆောင်များ ပါဝင်ထားကြသည်။ သမ္မတ၊ သွင်၊ မင်္ဂလာရုံကြီးများတွင် တစ်ပြိုင်တည်း ပြသနေသည်။

### မော်ဝင်ကြိုး

ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူး၍ လူမင်း၊ ရာဇာနေဝင်း၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းတို့သရုပ်ဆောင်ထားသော

**ရွှေ့ဆောင်ရုံတွင် ဆက်လက်ပြသနေသည့် "မော်ဝင်ကြိုး" ဇာတ်ကားမှ လူမင်းနှင့် အိန္ဒြာကျော်ဇင်။**





**မော်ဝင်ကြိုး**ဇာတ်ကား ရွှေ့ဆောင်နှင့် နဝဒေးရုံများ၌ ပြသနေဆဲရှိသည်။

**နေပြည်တော်ရုံတွင် ရုံတင်လာသည့် "The Rundown" အက်ရှင်ဇာတ်ကြမ်းကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။**

### အက်ရှင်ဇာတ်ကားသစ်

နေပြည်တော်ရုံတွင် အပစ်အခတ် အတိုက်အခိုက်များကို အသားပေးထားသော The Rundown နိုင်ငံခြား အက်ရှင်ဇာတ်ကားသစ် ရုံတင်ပြသလျက်ရှိသည်။

### နိုင်ငံခြားဇာတ်ကား

ရွှေဂုန်ရုံတွင် ဂီတသမားတစ်ဦးနှင့် မူးယစ်ရာဇာဂိုဏ်းတို့ ရင်ဆိုင်မိရာမှ အပြိုင်အဆိုင် တိုက်ခိုက်ကြပုံကို ရိုက်ကူးထားသော Desperado အမည်ရှိ နိုင်ငံခြားအက်ရှင်ဇာတ်ကား ရုံတင်ပြသနေသည်။

မြို့မရုံတွင် Humraaz အမည်ရှိ အိန္ဒိယအချစ်ဇာတ်ကား ရုံတင်ပြသနေသည်။ ငွေကြေးနှင့် လောဘဒေါသတို့ကို အမှန်တရားက အနိုင်ယူလိုက်ပုံကို ဘော်ဘီဒေါ၊ အရှစ်ခန်နာ၊ အမိရှာပတေးတို့ သရုပ်ဆောင်ကပြထားကြသည်။



**"အမေ့နို့ဖိုး" ဇာတ်ကားသစ်မှ ထွန်းအိန္ဒြာဗိုနှင့် ချိုပြုံး။**



**ရွှေဂုန်ရုံတွင် တင်ဆက်သော Desperado နိုင်ငံခြားဇာတ်ကားမှ သရုပ်ဆောင်ကွက်။**

### ဟာသဇာတ်ကား

ဆုထူးပန်၊ ဝဇီရာ၊ ရွှေမန်း၊ သီတာ၊ စံပြ၊ မဟာမြိုင်ရုံတို့တွင် ဒါရိုက်တာမိုက်တီးရိုက်ကူး၍ လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ ရာဇာနေဝင်း၊စိုးမြတ်နန္ဒာတို့သရုပ်ဆောင်ထားသော **စတိုင်** အချစ်ဟာသဇာတ်ကား ဆက်လက်အောင်ပွဲခံနေသည်။

### အကယ်ဒမီငါးဆုဇာတ်ကား

ဘုရင်ရုံတွင် တစ်ခြားကမ္ဘာမှ ဂြိုလ်သားမိတ်ဆွေနှင့် ဆန်းကြယ်စွာတွေ့ဆုံရပုံကို ပထမဆုံး အိန္ဒိယ သိပ္ပံဇာတ်ကားအဖြစ် ရိုက်ကူးထားသော Koi Milgaya အမည်ရှိ ဇာတ်ကား ရုံတင်ပြသနေသည်။ အကယ်ဒမီငါးဆုရ အိန္ဒိယဇာတ်ကားဖြစ်သည်။ **(ကြေးမုံ)**



## သာသနဟိတစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

**ရန်ကုန် ဇူလိုင် ၁၅**

လှိုင်သာယာမြို့နယ် အမှတ်(၁၁) ရပ်ကွက် အနော်ရထာလမ်းမကြီးပေါ်ရှိ သာသနဟိတရေ ပရိယတ္တိစာသင်တိုက်၌ ဝါဆို၊ဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (ဓမ္မာစရိယ-ဘီအေ) အမှူးရှိသော စာချစာသင်သံဃာတော်အပါး ၁၀၈ပါးတို့အား (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်နေ့ ဇူလိုင် ၃၁ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)



## ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

ဘာသာရေး၊သာသနာရေးနှင့် လူမှုရေးအဖွဲ့များသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင်၃ရက်နံနက်၉နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် ၃၁လမ်းနှင့် ၃၂လမ်းကြား ၈၁လမ်း စာတိုက်တန်းရှိ အလှူရှင်၏နေအိမ်တွင်ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသနာဘိဝံသ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အလှူရှင်ဦးဘကို-ဒေါ်နွဲ့နွဲ့မိသားစုက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းရာ မန္တလေးမြို့နေ အလှူရှင် ဦးဘကို-ဒေါ်နွဲ့နွဲ့မိသားစုက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး အတွက် အလှူငွေကျပ် ငါးသိန်း၊ မန္တလေးမြို့ မဟာမုနိဘုရားကြီးအတွက် အလှူငွေကျပ်လေးသိန်း၊ မော်လမြိုင်မြို့ ကျိုက်မရောစေတီတော်နှင့် မုံ့ရှင်တော်ဘုရားအတွက် အလှူငွေကျပ်နှစ်သိန်းစီ၊ ပြည်မြို့ ရွှေနတ်တောင်စေတီတော်အတွက် အလှူငွေကျပ်နှစ်သိန်း၊ မန္တလေးချမ်းအေးသာစံမြို့နယ် MBOA မိဘမဲ့ ပရိယတ္တိကျောင်းအတွက်အလှူငွေကျပ်နှစ်သိန်း၊ မန္တလေးအောင်မြေသာစံမြို့နယ် အေးရိပ်မွန် မိဘမဲ့ အမျိုးသမီးကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်း၊ မန္တလေးမြို့နားမကြားသော ကလေးများကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်း၊ မင်းကွန်းဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ်နှစ်သိန်း၊ မန္တလေးတောင်ခြေ ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ်နှစ်သိန်း၊ ရေနံ့သာအနာကြီးရောဂါ ကုသရေးဆေးရုံအတွက် အလှူငွေကျပ်နှစ်သိန်း၊ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းအတွက် အလှူငွေကျပ်နှစ်သိန်းနှင့် မဏိရတနာရာမ မြတောင်တိုက်ပြုပြင်ရန်အတွက် အလှူငွေကျပ်နှစ်သိန်း စုစုပေါင်းလှူဒါန်းငွေကျပ်၃၁သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

## ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား သင်တန်းကျောင်းများစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် လိုက်ပါလျက် ယမန်နေ့ မွန်းလွဲ ၂နာရီတွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းသို့ ရောက်ရှိလာရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးသည် လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဖွင့်လှစ်ထားသော နှစ်သိမ့်ဆွေးနွေးအကြံပေး လမ်းညွှန်မှုသင်တန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော ဌာနတွင်းသင်တန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၌ ဖွင့်လှစ်ထားသော သင်တန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့ သွားရောက်၍ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)



**ဇူလိုင် ၁၅ ရက်က အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် ဇနီးတို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ** 58th Birthday of His Majesty The Sultan and Yang Di-Pertuan of Brunei Darussalan 15th July 2004 **အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသံအမတ်** H.E. Pehin Dato Haji Hussin Bin Haji Sulaiman **က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## တောင်တန်းသာသနာပြုအဖွဲ့ ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၁၅**

မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ကြီး၏ (၃၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဖွဲ့တည်ရာ အဏ္ဏဝါဓမ္မာရုံ(၁၄/ခ)ကြားတောရလမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ဆွမ်းဆက်ကပ်ပြီး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းများရှိ ဝါဆိုသီတင်းသုံးမည့် ဆရာတော်များထံ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများနှင့်အဏ္ဏဝါ မိသားစုများအနေဖြင့် ဖုန်း-၀၁-၃၈၁၄၆၂နှင့် ၀၉-၅၀-၂၀၅၄၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

## ခြေစမ်းဘောလုံးပွဲ ယှဉ်ပြိုင်ကစား ပဏာမမြန်မာ့လက်ရွေးစင် အနိုင်ရ

**ရန်ကုန် ဇူလိုင် ၁၅**

ဩဂုတ်လတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် L.Gဖလားဘောလုံးပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်နေသော ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းညွှန့်ပေါင်းလက်ရွေးစင်အသင်းတို့၏ ပထမခြေစမ်းပွဲ ကို ယနေ့ညနေ ၄ နာရီက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ပဏာမမြန်မာ့လက်ရွေးစင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**ပဏာမလက်ရွေးစင် - နှစ်ဂိုး။**
(ဘိုဘိုအောင်နှင့်နိုင်ဝင်း)
**ညွှန့်ပေါင်းလက်ရွေးစင် - တစ်ဂိုး။**
(ရန်နောင်စိုး-ပိုင်နယ်တီ)
**ဒိုင်လူကြီး - ဦးသိန်းမြိုင်။**

ပွဲစလျှင်စချင်း ပဏာမလက်ရွေးစင်အသင်းက တရစပ်ထိုးဖောက်နိုင်သော်လည်း နောက်ပိုင်းတွင် ညွှန့်ပေါင်းလက်ရွေးစင်အသင်းက ပဏာမလက်ရွေးစင်အသင်း၏ ကစားပေါက်များကို ပိတ်ဆို့ကာ တိုက်စစ်ဆင်ကစားခဲ့သည်။ ၂၄ မိနစ်တွင် ဘယ်တောင်ပံမှ စိုးလင်းထွန်းဖြတ်တင်ပေးသော ဘောလုံးကို ဘိုဘိုအောင်ကပိတ်သွင်းသဖြင့်ပဏာမလက်ရွေးစင်ဂိုး စတင်ရရှိသွားသည်။ ထို့နောက်ပိုင်းတွင် ညွှန့်ပေါင်းလက်ရွေးစင်အသင်းက အချိတ်အဆက်မိမိဖြင့် တရစပ်ထိုးဖောက်ရာ ၃၈ မိနစ်တွင် ပိုင်နယ်တီဧရိယာအတွင်း၌ မင်းသူလက်ထိ၍ရရှိသော ပိုင်နယ်တီကို ရန်နောင်စိုးက ကန်သွင်းလိုက်၍ ညွှန့်ပေါင်းလက်ရွေးစင်ချေပဂိုးရရှိကာ ပထမပိုင်းတွင် တစ်ဂိုးစီသရေ ဖြစ်နေသည်။

ဒုတိယပိုင်းအစတွင် နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားနိုင်ခဲ့ကြပြီး ဂိုးမသွင်းနိုင်ဘဲဖြစ်နေသည်။

ပဏာမလက်ရွေးစင်အသင်းအတွက် အနိုင်ဂိုးကို မိနစ် ၇၀တွင် ထွန်းမင်းနိုင်အစားဝင်လာသည့်နိုင်ဝင်းကညွှန့်ပေါင်းလက်ရွေးစင်ဂိုးသမားဇော်မိုးထက်ကို လိမ်ကာ သွင်းယူပေးခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က အနိုင်ရရှိသော ပဏာမမြန်မာ့လက်ရွေးစင်အသင်းအား ဂုဏ်ပြုဆုငွေကျပ်ခုနစ်သောင်းနှင့် ညွှန့်ပေါင်းလက်ရွေးစင်အသင်းအား ဂုဏ်ပြုဆုငွေကျပ် လေးသောင်း ပေးအပ်ချီးမြှင့်သည်။

ဒုတိယခြေစမ်းပွဲအဖြစ် ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် ညွှန့်ပေါင်း လက်ရွေးစင်အသင်းတို့သည် ဇူလိုင်၁၇ရက် ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)



**ပဏာမလက်ရွေးစင် တိုက်စစ်မှူး ထွန်းမင်းဦး ညွှန့်ပေါင်းလက်ရွေးစင်အသင်းမှ စထက်နိုင်ဝင်းကို ကျော်ဖြတ်၍ ခေါင်းတိုက်ဂိုးသွင်းရန်ကြိုးပမ်းစဉ်။** (ကြေးမုံ)

## ဓမ္မဇျူဟာ(ပဲခူး) ဓမ္မစကြာသင်တန်း

**ရန်ကုန် ဇူလိုင် ၁၅**

ဓမ္မဇျူဟာ သာသနမာမက အဖွဲ့(ပဲခူး) လူပုဂ္ဂိုလ်များဆိုင်ရာ ဗုဒ္ဓဘာသာပရိယတ်-ပဋိပတ်သင်တန်းကျောင်း၏ သင်တန်းမှူးဖြစ်သူ ဓမ္မဇျူဟာဒေါ်ခင်လှတင်(သဒ္ဓမ္မဇောတိကဓဇ) သည် ဓမ္မစကြာသုတ်တော်ကို အဓိပ္ပာယ်နှင့်တကွ စနစ်တကျ သိနားလည်၍ ရွတ်ဖတ်ပူဇော် လိုက်နာကျင့်သုံးနိုင်စေရန် ရည်ရွယ်လျက် ဓမ္မစကြာသုတ်တော်ကျင့်စဉ် သင်တန်းကို အဆိုပါသင်တန်းကျောင်းတည်ရှိရာ ပဲခူးမြို့ ဥသာမြို့သစ် ဘုရင့်နောင်လမ်းတွင် ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဓမ္မဒါနပို့ချမည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသူများ သွားလာရေး အဆင်ပြေစေရန် ပဲခူးမြို့ ရွှေမော်ဓောစေတီတော် အနောက်ဘက်မုခ်(မွန်ဓမ္မာရုံ)ရှေ့၊ တိုင်းပညာရေးမှူးရုံးရှေ့၊ ထိပ်တန်းစတိုးဆိုင်ရှေ့၊ မေဖလားဝါးဘဏ်ရှေ့၊ မဟာမြိုင်လမ်းဆုံ စသည့်စုရပ်များ၌ နံနက်၈ နာရီခွဲတွင် ကြိုဆိုပို့ဆောင်ရေး အစီအစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ (က-ပ)

## စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊အမှတ်(၈)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၁၅**

စိမ်းလဲ့ရွှေပြည်ဂျာနယ်၊ အတွဲ(၁)၊ အမှတ်(၈)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဝဲပုံ)**

အဆိုပါဂျာနယ်တွင်မှတ်ဖွယ်သုတ၊ ရသဆောင်းပါး၊ ကဗျာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တိုင်းရင်းဆေး၊ ဗေဒင်၊ မိုးလေဝသ၊ ဈေးနှုန်းသတင်းများ သရုပ်ဖော်ပန်းချီကာတွန်း စသည်ဖြင့် စုံလင်စွာ ဖော်ပြပါရှိသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို တင်စိုးစာပေ၊ဆင်တောင်ကြီးစာပေ၊ဝါမိုးအောင်စာပေ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအရောင်းဆိုင်၊စာပေဗိမာန်တို့တွင်ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)




## မြစ်ရေကြီးခြင်း သတိပေးချက်

**ရန်ကုန် ဇူလိုင် ၁၅**

ယနေ့နံနက်ဝဒ်း၃၀နာရီအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း မန္တလေးမြို့၏ စိုးရိမ်ရေမှတ်၁၂၆၀စင်တီမီတာနှင့် စစ်ကိုင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၅၀စင်တီမီတာ အသီးသီးသို့ လည်းကောင်း၊ နောက်ငါးရက်အတွင်း ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာသို့လည်းကောင်း ရောက်ရှိနိုင်သည်။

ယနေ့နံနက်ဝဒ်း၃၀နာရီအချိန် တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက်ဝဒ်း၃၀နာရီအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာအထက်တွင်ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

**ရောင်းမည်**

ပေ ၁၃၀ x ပေ ၂၂၀
ဗိုလ်ချုပ်ရွာသစ်၊ သန်လျင်၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ် (၆၇၂)
**Ph: 212734**

**ဖခင်အမည်မှန်**

မြိတ်မြို့အလက(၁)၊ သတ္တမတန်းမှ မအိန္ဒြာစိုး၏ဖခင်အမည်မှန်မှာ ဦးစိုးလွင်လွင်[၆/တသရ(နိုင်) ၀၀၄၄၅၈] ဖြစ်ပါသည်။

**ENGLISH (U.M.N)**

Visa Home Interview
GRAMMAR

(a) 3DMax နှင့် AutoCAD, Bryce5, Photoshop, Civil 3D, Photo Visita နှင့် Premiere Software တို့ဖြင့် Interior & Architectural Graphic Design (Animation with sound effect)
(b) Sluice & Power House Structure Design (SAP Software)
(c) Foundation Analysis Design (E.Bowles Software)
(d) Landscaping & Topo Survey (LD&Civil 3D Software)

**mmt Computer Center**
No.(200), 39th Street, Kyauktada Township, Yangon.
Ph:0980-21830, 707566 Fax: 95-1-650896.

**ဓမ္မတိက ပါဆိုသင်္ကန်း**

**ဓမ္မတိက(၅)ခွင့်ပြီ**

**ရှာရန်ရာနှုန်း(၈၀)**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ရွာမည်။ ရှာရန်ရာနှုန်း (၈၀) ဖြစ်သည်။

**ကျိုးမင်း ပါဆိုသင်္ကန်း**

ဆိုင် (၁)- Ph - 381833, Ex - 219
ဆိုင် (၂)- Ph - 540118

**YUZANA CENTRE cosmetics show is at our door.**

"Your face is your fortune."

| | |
|---|---|
| Event Date | : 17.07.2004 to 18.07.2004 |
| Place | : Yuzana Center, No. 130, Shwegondine St, Bahan Tsp |
| Tel | : 540749/ 540750 |

Enjoy more than 15 Branded Cosmetics Products and Get the Special discount & Free skin test.

Live a Stylish Life, Shop Smart @ YUZANA

**ဝင္ကန်**

ဦးသိန်းဇော်မှ

အမှတ် (၄၉/၅၁)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်ဘုတာရှေ့။ ☎ 510960

**တိုက်ခန်းအမြန်ရောင်းမည်**

၁၄၈–လမ်း၊ ကျောက်မြောင်း၊ ၅လွှာ။
(ညိုနှိုင်းဈေး)
ဖုန်း–၅၄၂၆၉၁
၀၉–၅၀၁၈၆၅၂။

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် န/၅၆၀၁ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ၁၅ ရက်အတွင်း ကညနတိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ ရန်ကုန်တိုင်း။

**မောင်ဘုန်း(Exit)စီစဉ်သည်**

# အမုန်းများစွာအတွက်

**TAPE/CD ထွက်ပြီ**

ငယ်ဆု၊ အောင်ကောင်းထက်၊ ကျော်သူနီ၊ မြေပဲယို၊ ညီသူ၊ မောင်ဘုန်း
**SP ,9mm, Dinner Flame,** ချော့ရစင်၊ ရှင်ဖုန်း၊ ရေစကြာဝင်း

# EXAMPLEZ

**တမ်းတမ်းတတ . . . ချစ်ခဲ့လို့ VCD ထွက်ပြီ**

Examplez

**ဆေးပင်**

**ဘေးပါးရာဇာ**
**သွေးတိုးကျဆေးပြား**

Golden Hope Int'l Ltd.




**ရဲမျက်မှန်**

NEW YE OPTICAL
INTERNATIONAL STANDARD
345-347, Shwebontha Street.

## အသားတိုးကြက်ပေါက် Broiler (D.O.C) ဝယ်ယူသူများအတွက်သတင်းကောင်း

ကျွန်တော်များ Green Nine Stars Enterprise မှ အသားတိုးကြက်ပေါက် (Broiler D.O.C) များကို July, Aug လများအတွင်း ဝယ်ယူသူများအား အထူးအစီအစဉ်အနေဖြင့် အောက်ပါအခွင့်အရေးများကို ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

- ကြက်ပေါက်အကောင် (၁၀၀၀) ဝယ်ယူသူတိုင်းကို 1 Kg အာဟာရဆေးဗူးတစ်ဗူး (သို့) ကာကွယ်ဆေး (၃) လုံး (ND + IB, IBD, Lasota) အတွက် လက်ဆောင်ပေးပါမည်။
- ကြက်ပေါက်အကောင် (၁၀၀၀) ဝယ်ယူသူတိုင်းကို မဖြစ်မနေလက်ဆောင်အဖြစ် အပိုအကောင်ရေ (၄၀) ပေးပါမည်။ ● ကြက်ဖြူအရောက်အခမဲ့ပို့ပေးပါမည်။
- ကြက်ပေါက်များကို အပတ်စဉ်အင်္ဂါနေ့နှင့် စနေနေ့တို့တွင် တစ်ကောင်လျှင် (၂၅၀) ကျပ်နှုန်းဖြင့် ရောင်းချပေးနေပါပြီ။ ❖ လိုအပ်ပါကမြို့နယ်အထိ ပို့ဆောင်ပေးနိုင်ပါသည်။ ❖

အမှတ် (၂၃၆) ၂၂ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့။ ☎ - 242047, 370537, 370538, H.P : 09-80-21059, 09-80-23377.

# Congratulation !

to

## EXCEL TREASURE TOWER, EXCEL SHOPPING MALL & EXCEL TREASURE HOTEL

2nd July, 2004 တွင် ဖွင့်လှစ်သော Super Technology Construction ၏ Excel Treasure Tower, Excel Shopping Mall, Excel Treasure Hotel & Tokyo Pipe Head Office အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လုပ်ငန်းများ ဆထက်ထမ်းပိုးတိုးတက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

၁။ ဦးမြဝင်း - Five Star ပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၂။ ဦးဟန်လင်းအောင် - ငွယ်စုံပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၃။ ဦးရာဂျူနှင့် ဦးကျော်ဦး - ဖယိုပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၄။ ဦးပီတာ - စိန်သုံးလုံးပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၅။ ဦးသိန်းအောင်နှင့် ဦးသန်းအောင် - သိန်းသန်းအောင်ပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၆။ ဦးထွေးသန်း - စံမြဲပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၇။ ဦးသန်းဝင်း - Nine Star ပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၈။ ဦးကျိုးစက် - 555 ပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၉။ ဦးကျော်ဝင်း - စွမ်းအားပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၁၀။ ဦးစလင်နှင့် သားများ - အင်အားသစ်ပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၁၁။ ဦးကျော်ထွန်း - Lucky ပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၁၂။ ဦးဘိုလတ် - မိတ်ဆွေပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၁၃။ ဦးမောင်စန်း - လုပ်သားပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၁၄။ ဦးအောင်မြင့် - ငွေဇင်ယော်ပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၁၅။ ဦးစိန်ဝင်း - အောင်သရဖူပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၁၆။ ဦးရွှေသိန်း - ရွှေလိပ်ပြာရေသန့် အလှဆင်ပစ္စည်းရောင်းဝယ်ရေး
၁၇။ ဦးခင်စိုးနှင့် ညီများ - ထွန်းမြန်မာ ပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၁၈။ ဦးမိုက်ကယ် - အောင်သစ္စာပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၁၉။ ဦးဝါလေး - Golden Sun ပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၂၀။ ဦးလှမြင့် - ရတနာထွန်းပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၂၁။ ဦးတင့်လွင် - တစ်သုံးလုံ(ပဲခူး) ပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၂၂။ ဦးဝင်းနိုင် - နှစ်သုံးလုံးပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၂၃။ ဦးတင်မွှယ်နှင့် ဦးကျော်အောင် - ခုံပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး
၂၄။ ဦးထွန်းထွန်းနှင့် ဦးတင်မောင် - Three 5 ပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး

# နိုင်ငံခြားစက္ကူ(၆)မျိုးဝယ်ယူလိုခြင်း

| စဉ် | ပစ္စည်းအမျိုးအစား | လိုအပ်ချက် | ပေးသွင်းရမည့်နေရာ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁။ | Art Paper (85) gsm (31" x 43") (၂၅၀)ရွက်ပါ | ၉၀၃–ထုပ် (အထုပ်ကိုးရာသုံးတိတိ) | မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ = ၄၀၀ထုပ်<br>အဏုဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ရေခါး) = ၃ထုပ်<br>(မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင်ပေးသွင်းရန်)<br>အလှကုန်ပစ္စည်းစက်ရုံ = ၃၀ထုပ်<br>ဆပ်ပြာစက်ရုံအမှတ်(၁) ဆပ်ပြာစက်ရုံ = ၂၇၀ထုပ်<br>ဆပ်ပြာစက်ရုံ(မန္တလေး) အမှတ်(၁)တွင် = ၄၀ထုပ်<br>ဆပ်ပြာစက်ရုံ(မကွေး) ပေးသွင်းရန် = ၁၂၀ထုပ်<br>ဆပ်ပြာစက်ရုံ(ရမည်းသင်း) = ၄၀ထုပ် |
| ၂။ | Foreign Duplex Board (270)gsm (31" x 43") (၁၀၀)ရွက်ပါ | ၂၄၇၀–ထုပ် (အထုပ်နှစ်ထောင်လေးရာခုနစ်ဆယ်တိတိ) | မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ = ၁၀၀၀ထုပ်<br>အဏုဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ရေခါး) = ၄၆၀ထုပ်<br>(မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင်ပေးသွင်းရန်)<br>အလှကုန်ပစ္စည်းစက်ရုံ = ၆၅၀ထုပ်<br>ဆပ်ပြာစက်ရုံအမှတ်(၁) ဆပ်ပြာစက်ရုံ = ၃၀၀ထုပ်<br>ဆပ်ပြာစက်ရုံ(မန္တလေး) အမှတ်(၁)တွင် = ၂၀ထုပ်<br>ဆပ်ပြာစက်ရုံ(မကွေး) ပေးသွင်းရန် = ၂၀ထုပ်<br>ဆပ်ပြာစက်ရုံ(ရမည်းသင်း) = ၂၀ထုပ် |
| ၃။ | Sticker Paper (21" x 30") (၁၀၀)ရွက်ပါ | ၂၀၀ ထုပ် (အထုပ်နှစ်ရာတိတိ) | အဏုဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ရေခါး) = ၂၀၀ထုပ်<br>(မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင်ပေးသွင်းရန်) |
| ၄။ | Wood Free Printing Paper 60 gsm (31" x 43") (၅၀၀)ရွက်ပါ | ၂၂၀ထုပ် (အထုပ်နှစ်ရာနှစ်ဆယ်တိတိ) | မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ = ၂၀ထုပ်<br>အဏုဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ရေခါး) = ၂၀၀ထုပ်<br>(မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင်ပေးသွင်းရန်) |
| ၅။ | Foreign Printing Paper (50)gsm (31"x43") (၅၀၀)ရွက်ပါ | | မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ = ၂၅ထုပ် |
| | (က) White | ၁၀ထုပ်(အထုပ်တစ်ဆယ်တိတိ) | |
| | (ခ) Pink | ၅ထုပ်(ငါးထုပ်တိတိ) | |
| | (ဂ) Blue | ၅ထုပ်(ငါးထုပ်တိတိ) | |
| | (ဃ) Yellow | ၅ထုပ်(ငါးထုပ်တိတိ) | |
| ၆။ | Glazes Transparent (30" x 40") | ၁၀၀ထုပ် (အထုပ်တစ်ရာတိတိ) | မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ = ၁၀၀ထုပ် |

တင်ဒါပိတ်ရက်။ (၂၀–၇–၂၀၀၄)(အင်္ဂါ)နေ့ မွန်းလွဲ (၁၄း၀၀)နာရီ

**မှတ်ချက်**။ ။အသေးစိတ်အကြောင်းအရာများကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပစ္စည်းစီမံရေးဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပြီး တင်ဒါပုံစံများကို ဝယ်ယူနိုင်ပါသည်။(ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်–၆၆၃၄၈၁)

**စက်ရုံမှူး**
**မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။**


MCC Budget Training Program

Basic Accounting Course (အခြေခံစာရင်းကိုင်သင်တန်း)

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးသူများနှင့် စာရင်းရေးစာရင်းကိုင်ပညာ (Basic Accounting)ကို အခြေခံမှစ၍ ကျွမ်းကျင်ပိုင်နိုင်စွာသင်ကြားလိုသူတိုင်း တက်ရောက်နိုင်ပါသည်။

သင်တန်းကာလ - (၉)ပတ် (၅၀၀၀ိ/-)






# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော်မလေးရှား ကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

ရန်ကုန် ဇူလိုင် ၁၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamed နှင့် အဖွဲ့ဝင်များအား ယနေ့ည ၆နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✧**



ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ဧည့်သည်တော် မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri 'Mohd Azumi Bin Mohamed နှင့် ဇနီး ဦးဆောင်သော အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲ ဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အိန္ဒိယသမ္မတနိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် မကြာသေးမီက ရေကြီးမှုကြောင့် လူနှင့်အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။**

(သတင်းစဉ်)

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မကြာသေးမီက ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတွင် ရေကြီးမှုကြောင့် လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာ ပေးပို့သည်။**

(သတင်းစဉ်)



**ဇူလိုင် ၁၅ ရက်က မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်း–၈) (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး